# သုမင်္ဂလ

# ငါးစောင်တွဲ

၃၀၂
စမက

# ဗုဒ္ဓဘာသာ မြန်မာတို့၏

# ယဉ်ကျေးမှု သရုပ်ဖော်

# သုမင်္ဂလ

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ မြေနီကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ငါးဆောင်တွ ဗုဟောင်း

**သုမင်္ဂလ စာပုံနှိပ်တိုက်၊**
မဟာနွယ်စဉ်--ပုဏ္ဏားစုရပ်၊ မန္တလေး(ဖုံး—၅၄၁)
1 (ပဌမအကြိမ်)

# နိဒါန်း

အကျွန်ုပ်တို့၏ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော စကားတော်ဟူသမျှသည် ဥာဏ် အမြော်အမြင် ကြီးလျှင် ကြီးသလို တန်ဘိုးမဖြတ်နိုင်လောက်အောင် မွန်မြတ်သိမ်မွေ့ လှပါ၏၊ ဥာဏ် အမြော်အမြင်ရှိ၍ လိမ္မာပါးနပ်သော သူတို့အဖို့လောကီ လောကုတ္တရာ နှစ်ဖြာသော ကြီးပွားတိုးတက်မှုကို လမ်းညွှန်ပြသလျက် ရှိ၏။

သို့ဖြစ်ပါ၍ ရှေးက ပညာရှိများသည် ပိဋကတ်သုံးပုံမှ ထုတ်နှုတ်၍ အရေးတကြီး ကြီးပွားတိုးတက်နိုင်၍ ယဉ်ကျေးလိမ္မာနိုင်သော စာပေကျမ်းဂန်များကို လေ့လာလိုက်စား သင်ယူကြပေ၏၊ ဥာဏ် အမြော်အမြင်နှင့် ပြည့်စုံသော ဆရာတော်များနှင့် အချို့ကျောင်းဆရာများသည် စာကို ကောင်းစွာဖတ်နိုင်ပြီး အထက်တန်းစား စာပေ ကျမ်းဂန် များကို တတ်မြောက်စေရန် ပိဋကတ်သုံးပုံ၏ အခြေခံဖြစ်သော မြန်မာသင်ပုန်းကြီးကိုသင်ရိုးစဉ် သင်တန်းစဉ် တရပ်အနေဖြင့် ပဌမဦးစွာ သင်ကြားပို့ချခဲ့ကြပါသည်။

ဤသို့အားဖြင့် စာကိုကောင်းမွန်စွာ ဖတ်တတ်လာသော အခါ လိမ္မာယဉ်ကျေးစေရန် တနည်းအားဖြင့် မင်္ဂလာ ကျက်သရေအပေါင်းနှင့် ပြည့်စုံလာစေရန် မင်္ဂလသုတ်ကိုသင်ကြားပို့ချခဲ့ကြသည်၊ ထို့နောက် မိမိတို့ ယုံကြည်ကိုးကွယ် ဆည်းကပ်လာသော မြတ်စွာဘုရားသည် သာမည မည်ကာ မတ္တ မဟုတ်၊

# နိဒါန်း

အခြားသော ပုဂ္ဂိုလ်များနှင့်မတူ အပြင်ပရန်သူကြီးရှစ်ပါး, အတွင်းသန္တာန်၌ဖြစ်သော ရန်သူကြီးရှစ်ပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား ပါလားဟူ၍ သိမြင်လာစေရန် အပြင်အောင်ခြင်းရှစ်ပါး, အတွင်းအောင်ခြင်း ရှစ်ပါးကိုသင်ကြားပို့ချခဲ့ကြသည်။

ထို့နောက် ကိုယ်ရေးကိုယ်တာအတွက် သွားလေရာ နေလေရာ အခါခပ်သိမ်းတို့၌ ဘေးအန္တရာယ် ကင်းဝေးပြီး လုံခြုံမှုရရှိစေရန် ရတနာရွှေချိုင့်ကို သင်ကြားပို့ချခဲ့ကြသည်၊ ထို့နောက် သေသည့်တိုင်အောင် မြတ်စွာဘုရားကို ဝက်တက်ဝက်ကပ်ပြုရာ၌ မိမိစိတ်ကိုလည်း ကြည်လင် စေနိုင်၍ ရွတ်ဖတ် သရဇ္ဈာယ်သံကို ကြားနာရသူတို့၏ စိတ်နှလုံးလည်းကြည်လင်အေးမြစေနိုင်သော ဂါထာ ပါဌ်လှလှ စကားလုံးလှလှ ရှိသော နမက္ကာရကို သင်ကြားပို့ချခဲ့ကြပါသည်။

ဤသို့အားဖြင့် ရှေးကလူများသည် ဘာသာရေးရာ၌ အလွန်အခြေခိုင်မြဲကြ၏၊ ကိုယ်စိတ်၏ သောင်ကြမ်းမှုနည်းပါး၍ ဆင်ခြင်တရား လက်ကိုင် ထားနိုင်ကြ၏၊ များသောအားဖြင့် ရိုးရိုးသားသား အပြစ်ကင်းစွာ ရှာဖွေစားသောက်လေ့ရှိကြ၏၊ ဤကဲ့သို့သော အဆင့်အတန်းကို မှီနိုင်သမျှ မှီလာစေရန် ရည်ရွယ်၍၎င်း ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ အမြို့မြို့ အနယ်နယ်မှာပင် မင်္ဂလာ စာမေးပွဲများ ဆင်ယင်ကျင်းပပြီး မင်္ဂလာမောင်မယ်ဘွဲ့ထူး များကို ခံယူနေကြသည်ဖြစ်ရကား၊ ဆရာနှင့်တပည့်ပါ သေသေ ချာချာ ကွက်ကွက် ကွင်းကွင်း ပြတ်ပြတ် သားသား နားလည်မှု ရှိစေရန် ရည်ရွယ်၍၎င်း။

# နိဒါန်း

မင်္ဂလသုတ်ပါဠိ အနက် သရုပ်ခွဲ ခက်ဆစ် အဓိပ္ပါယ်နှင့်တကွ မင်္ဂလသုတ်ကို အဓိကထားလျက် အပြင်အောင်ခြင်း ပါဠိအနက်၊ အတွင်းအောင်ခြင်း ပါဠိအနက်၊ ရတနာရွှေချိုင့် ပါဠိအနက်၊ နမက္ကာရ ပါဠိအနက်တို့ကို စုပေါင်းပြီး ရှေးဆရာတော်ကြီးများ၏ သင်ရိုးသင်စဉ်ကို အစဉ်အလာမပျက် နောင်လာနောက်သားတို့အား ဆက်လက်သင်ကြားရာ၌ အမှားအယွင်း မရှိစေရန်နှင့် ပုဒ်, ပါဠိ, အက္ခရာ မှန်ကန်၍ အထားအသို သေသပ် ကောင်းမွန်စေရန် အထူးကြီးကြပ် ပြင်ဆင်၍ ရိုက်နှိပ် ထုတ်ဝေ အပ်ပါသတည်း။

# ၁။ မင်္ဂလသုတ်ပါဠိတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ယံ မင်္ဂလံ ဒွါဒသ ဟိ၊ အစိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။

၃။ ဧဝံ မေ သုတံ-ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ၊
အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ—

၄။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂ
ဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ
ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

## မင်္ဂလာတရားတောင်း

၅။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ၊

## မင်္ဂလာတရားတော်

၆။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၇။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။
၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၀။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၂။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၃။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ တပေါ စ ဗြဟ္မစရိယဉ္စ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၆။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

# မင်္ဂလသုတ်အနက်

## မင်္ဂလာမွှန်းအနက်

၁။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြ ကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ နာဓိဂစ္ဆန္တိ-နအဓိဂစ္ဆန္တိဧဝ၊ မသိနိုင်ကုန်သည်သာလျှင်တည်း။

၂။ ဒေဝဒေဝေန၊ နတ်တတကာတို့ထက် မြတ်သော ဝိသုဒ္ဓိ နတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောကဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှါ။ ဒေသိ

တံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေးတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟော၊ အို....သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဧဝံမေသုတံ၊ ဤမဟာမင်္ဂလသုတ်တော်ကို။ မေ-မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထ ပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ။ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဥ့်ဦးယာမ် လွန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သောအဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍။

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်

သို့။ ဥပသက်မိ၊ ကပ်လေ၏။ ဥပသက်မိတ္ဝာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊အလွန်ရိုသေစွာရှိခိုးပြီး၍။ ဧကမန္တံ၊တင့်အပ်လျောက်ပတ်သော အရပ်၌။အဋ္ဌာသိ၊ရပ်လေ၏။ ဧကမန္တံ၊တင့်အပ်လျောက်ပတ်သောအရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော၊ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့ နားတော်လျှောက်လေ၏။

၃။ ဘန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဗဟူ မျာ:စွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်၎င်း။ မနုဿာစ၊ လူတို့သည်၎င်း။ သောတ္ထာနံ၊ စင်ကြယ်စွာသော။နိဗ္ဗာနံ၊နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တ ကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်ကုန်သော မင်္ဂလာ တရားတော်တို့ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ်တို့ကာလပတ်လုံး။ အစိန္တယုံ၊ ကြံကြကုန်၏။ တံ၊ ထိုမင်္ဂလာ တရားတော်မြတ်ကို။ တွံ၊အရှင်ဘုရားသည်။ ဗြူဟိ၊ဟောတော်မူပါလော့။

၄။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာလာနံ၊သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီဝဲ မဆည်းကပ်ရခြင်း သည်၎င်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို။ ယာ သေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်၎င်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သော သူတို့ကို။ ယာ ပူဇာစ၊ အကြင်ပူဇော်ရခြင်းသည်၎င်း။အတ္ထိ၊ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လော့။

၇။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ပတိရူပ ဒေသဝါသော စ၊ တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်းသည်ငှင်း ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသော သူ၏ အဖြစ်သည်ငှင်း။ အတ္တသမာပဏိဓိစ၊ မိမိကိုယ်ကိုကောင်း စွာ ဆောက်တည်ရခြင်း သည်ငှင်း။ အတ္တိ၊ ရှိ၏။ တော်၊ ဤသုံး ပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂ လာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေ လော့။

၈။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဗာဟုသစ္စဉ္စ၊ အကြား အမြင်များသော သူ၏အဖြစ်သည်ငှင်း။သိပ္ပဉ္စ၊လက်မှုပညာအစ ရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်း သည်ငှင်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ်သော။ ဝိနယောစ၊ ဝိနည်း တရားသည်ငှင်း။ သုဘာသိတာ၊ ကောင်းစွာ ဆိုအပ်သော။ ယာဝါစာစ၊ အကြင်စရားသည်ငှင်း။ အတ္တိ၊ ရှိ၏။ တော်၊ ဤ လေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ် လေလော့။

၉။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊ အမိအဘ ကို။ ဥပဋ္ဌာနဉ္စ၊ လုပ်ကျွေးမွေးမြူရခြင်းသည်ငှင်း။ ပုတ္တဒါရဿ၊ သားမယားကို။သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်ငှင်း။ အနာကုလာ၊ အနှောင့်အယှက်မရှိကုန်သော။ ကမ္မန္တာစ၊ အမှုတို့ ကို ပြုရခြင်းသည်ငှင်း။ အတ္တိ၊ ရှိ၏။ တော်၊ ဤသုံးပါးသော

တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်းသည်၎င်း။ ဓမ္မစရိယာစ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်၎င်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်း သည်၎င်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကို ပြုရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရတီစ၊ ဝေးစွာရှောင်ကြဉ်ရခြင်းသည်၎င်း။ ဝိရတီစ၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်၎င်း။ မဇ္ဇပါနာ၊ သေရည် သေရက်တို့ကို သောက်ခြင်းမှ။ သံယမောစ၊ ကောင်းစွာစောင့်ရှောက် ရခြင်း သည်၎င်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှု တို့၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်း သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့ကို ရိုသေရခြင်းသည်၎င်း။ နိဝါတောစ၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း။ သန္တုဋ္ဌီစ၊ ရောင့်ရဲလွယ်ရခြင်း

သည့်ဥင်း။ ကတညုတာစ၊ သူပြုဘူးသော ကျေးဇူးကို သိရခြင်းသည်ဥင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မဿဝနဉ္စ၊ သူတော်ကောင်းတရားကို နာရခြင်းသည်ဥင်း။ အတ္တိ၊ ရှိ၏။ တေံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၃။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ခန္တီစ၊ သည်းခံရခြင်းသည်ဥင်း။ သောဝစဿတာစ၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည်ဥင်း။သမဏာနံ၊ ရဟန်းပုဏ္ဏားတို့ကို။ဒဿနဉ္စ၊ဖူးမြင်ရခြင်းသည်ဥင်း။ ကာလေန၊ သင့်တင့် လျောက်ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်းသည်ဥင်း။ အတ္တိ၊ ရှိ၏။ တေံ၊ ဤလေးပါးသောတရားသည်လျှင်။ဥတ္တမံ၊မြတ်စွာသော။မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ တပေါစ၊ ခြိုးခြံစွာကျင့်ရခြင်းသည်ဥင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို၊ ကျင့်ရခြင်းသည်ဥင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဉ္စ၊ သိမြင်ရခြင်းသည်ဥင်း။ နိဗ္ဗာန သစ္ဆိကိရိယာစ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်ဥင်း။ အတ္တိ။၊ရှိ၏။တေံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘော ဒေဝပုတ္တ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသောမှုလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘောဒေဝပုတ္တ၊ အိုနတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဋ္ဌတိံသ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ အပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိံ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထိုနတ်လူတို့အား၊ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ် အနက်ပြီး၏။

## မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး ကောက်နှုတ်ချက်

### "အသေဝနာစ" ဟူသောပုဒ်၌ (၃-ပါး)

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်းတပါး။
၂။ ပညာရှိသောသူတို့ကို မှီဝဲ ဆည်းကပ်ရခြင်းလည်းတပါး။
၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်းတပါး။

### "ပတိရူပ"ဟူသောပုဒ်၌ (၃—ပါး)

၁။ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရ ခြင်းလည်း တပါး။
၂။ ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှုရှိသောသူ၏အဖြစ်လည်း တပါး။
၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ရခြင်းလည်း တပါး။

### "ဗဟုသစ္စဥ္စ"ဟူသောပုဒ်၌ (၄-ပါး)

၁။ အကြားအမြင် များသောသူ၏ အဖြစ်လည်းတပါး။
၂။ အပြစ်မရှိသောအတတ်တို့ကို တတ်ရခြင်းလည်းတပါး။
၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်းတပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်းတပါး။

## "မာတာပိတု"ဟူသောပုဒ်၌ (၃–ပါး)

၁။ အမိအဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်းတပါး။
၂။ သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး။
၃။ အနှောင့်အရှက်မရှိသော အမှုလည်းတပါး။

## "ဒါနဉ္စ"ဟူသောပုဒ်၌ (၄–ပါး)

၁။ အလှူပေးခြင်းလည်းတပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်းတပါး။
၃။ အဆွေအမျိုးတို့အားသင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်းတပါး၊
၄။ အပြစ်မရှိသော အမှုလည်းတပါး။

## "အာရတီ"ဟူသောပုဒ်၌ (၄–ပါး)

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်းတပါး။
၂။ မကောင်းမှုကိုအထူးသဖြင့်ကြဉ်ရှောင်ရခြင်းလည်းတပါး။
၃။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာ ကြဉ်ရှောင်ရခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်းတပါး။

## "ဂါရဝေါစ"ဟူသောပုဒ်၌ (၅–ပါး)

၁။ ရိုသေအပ်သော သူတို့ကို ရိုသေရခြင်းလည်းတပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်းတပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်းတပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်းတပါး။

၅။ လျှောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းလည်း တပါး။

## "ခန္တီစ"ဟူသောပုဒ်၌ (၄–ပါး)

၁။ သည်းခံရခြင်းလည်းတပါး။

၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာ လွယ်ရ ခြင်းလည်း တပါး။

၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ရခြင်းလည်းတပါး။

၄။ လျှောက်ပတ်သော အခါ၌ တရား စကားကို ဆွေးနွေး မေးမြန်းရခြင်း တပါး။

## "တပေါစ"ဟူသောပုဒ်၌ (၄–ပါး)

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်းတပါး။

၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်းတပါး။

၃။ အရိယာသစ္စာတရားတို့ကို သိမြင်ရခြင်းလည်းတပါး။

၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်းတပါး။

## "ဖုဋ္ဌဿ"ဟူသောပုဒ်၌ (၄–ပါး)

၁။ လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံ ငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသည်လည်း တပါး။

၂။ စိုးရိမ်ခြင်း မရှိသည်လည်းတပါး။

၃။ ရမ္မက်ဟူသော မြူကင်းခြင်းသည်လည်းတပါး။

၄။ ဘေးမရှိခြင်းလည်းတပါး။

မင်္ဂလာတရားတော် ကောက်နုတ်ချက်ပြီး၏။

# မဟာမင်္ဂလာသုတ် အမေးအဖြေ

မေး....ယခု အဘယ်စာကို သင်သနည်း။

ဖြေ....မင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

မေး....မင်္ဂသုတ်၌ အပြားဘယ်မျှရှိသနည်း။

ဖြေ....သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

မေး....အဘယ်ပါဌ်ကိုထောက်၍ သိရပါသနည်း။

ဖြေ... ဒေသနာ ပရိယောသာန နိဂုံးအဆုံးဖြစ်သော "ဧတာ ဒိသာနိ အဌတိံ သမင်္ဂလာနိ" ဟူသော ပါဌ်ကို ထောက်၍ သိရပါသည်ဘုရား။

မေး....အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူသနည်း။

ဖြေ....ဆယ်ဂါထာဖြင့် ဟောတော်မူပါသည် ဘုရား။

မေး....ဟောတော်မူသော ဂါထာကား အဘယ်ပါနည်း။

ဖြေ....အသေဝနာစ-လည်းတဂါထာ၊ ပတိရူပ-လည်းတဂါထာ၊ ဗဟုသစ္စဉ္စ-လည်း တဂါထာ၊ မာတာပိတု-လည်း တဂါထာ။

ဒါနဉ္စ-လည်းတဂါထာ၊ အာရတီ-လည်းတဂါထာ၊ ဂါရဝေါစ-လည်းတဂါထာ၊ ခန္တီစ-လည်းတဂါထာ၊ တပေါစလည်းတဂါထာ၊ ဖုဋ္ဌဿ-လည်းတဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည်။

မေး....အဘယ်အရပ်မှာ ဟောသနည်း။

ဖြေ....သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်ဘုရား။

မေး....သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။

ဖြေ....''သဗ္ဗံ ခနမေတ္ထ အတ္ထိတိ''ဟု ပါဠ်ရှိသောကြောင့်ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာရတနာအပေါင်းတို့သည် လိုရာမတ ပြည့်စုံသောကြောင့် သာဝတ္ထိဟု ခေါ်ပါသည်ဘုရား။

မေး... သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာဟောတော်မူသနည်း။

ဖြေ...ဇေတဝန် ကျောင်းတော်၌ ဟောတော်မူပါသည်ဘုရား။

မေး အဘယ်ကြောင့်ဇေတဝန်ကျောင်းတော်ဟုခေါ်သနည်း။

ဖြေ ..ဇေတမင်းသား၏ ဥယျာဉ်မြေကို ငွေအသပြာ အတိခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ပါသည်ဘုရား။

မေး....အဘယ်သူ ဆောက်သနည်း။

ဖြေ....အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

မေး....အဘယ်ကြောင့် အနာထပိဏ်သူဌေးဟု ခေါ်ပါသနည်း။

ဖြေ....အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော-ဟူသောပါဠ်နှင့်အညီ ကိုးကွယ်ရာမရှိသော သူတို့ကို ထမင်းရေစာပေးတတ်သောကြောင့် အနာထပိဏ်သူဌေးဟု ခေါ်တွင်ပါသည်ဘုရား။

မေး....ငယ်မည်ကို အဘယ်သူခေါ်သနည်း။

ဖြေ....သုဒတ္တ ခေါ်ပါသည်ဘုရား။

မေး....ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော ဝေးသလော၊ အရှေ့, အနောက်, တောင်,မြောက်စသည်တို့တွင် အဘယ်အရပ်မှာနည်း။

ဖြေ....ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဉ္စသတမတ္တေ ဒက္ခိဏပဿေ-ဟူသော သာဓကပါဠ်ရှိသောကြောင့် သာဝတ္ထိပြည်၏ တောင်အရပ်ဖြစ်သော ကုလလေးတာ အပြန်ငါးရာ အရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး....ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော၊စမွယ်ရှိလော၊ ဦးပြည်းလော။

ဖြေ တိဘုမ္မိကာသု ဂန္ဓကုဋီသု-ဟူ၍ သာဓကပါဠ်ရှိသောကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ တန်းဆာဆင်အပ်၍ ဘုံသုံးဆင့်ရှိသောဇေတဝန်ကျောင်းတော် ဖြစ်ပါသည်ဘုရား။

မေး....အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ....အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်ဘုရား။

မေး....အဘယ်ကြောင့် မထင်ရှားသောနတ်သားဟု ဆိုသနည်း။

ဖြေ....အညတရာ ဒေဝတာ-ဟူသောပါဠ်ကိုထောက်၍ ဆိုပါသည်ဘုရား။

မေး....မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ....ဣန္ဒသက္က သိကြားဟု ဆိုပါသည်ဘုရား။

မေး....အဘယ်အခါ တောင်းပန်သနည်း။

ဖြေ....သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။

မေး....အဘယ်ကြောင့် သိရသနည်း။

ဖြေ....အဘိက္ကန္တာယရတ္တိယာ-ဟူသောပါဠ်ကို ထောက်၍သိရပါသည်ဘုရား။

မေး....မထင်ရှားသော နတ်သားကို အဘယ်အကြောင်းကြောင့် သိကြားဟု ဆိုပါသနည်း။

ဖြေ....ဘုရားသခင်၏ ခြေရင်းတော်၌ ညဥ့်ဦးယံ၊ကားစာတုမဟာ ရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမြော် ပူဇော်မြဲ အချိန် အခါ ဖြစ်ပါသည်။ သန်းခေါင်ယံအခါကားတာဝတိံသာ နတ်သိကြားတို့ ဆည်းကပ်ဖူးမြော်မြဲ အချိန်အခါ ဖြစ်ပါ သည်။ မိုးသောက်ယံကား ဗြဟ္မာတို့ ဆည်းကပ် ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသည်။ ထိုအချိန်ကာလ သုံးပါးတွင် သန်းခေါင်ယံ အချိန်ဖြစ်သောကြောင့် သိကြားဟု ဆိုပါ သည်ဘုရား။

မေး....သိကြားဘောင်းပန်ကြောင်းကိုအဘယ်သူကြားသနည်း။

ဖြေ....အရှင်အာနန္ဒာ ကြားပါသည်ဘုရား။

မေး....အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရ သနည်း။

ဖြေ....အာနန္ဒတ္ထေရနာ သုတံ-ဟူသော ပါဠ်ကိုထောက်၍ သိရ ပါသည်ဘုရား။

မေး....အရှင်အာနန္ဒာကြားသော် ဘယ်သူကိုပြောသနည်း။

ဖြေ....အရှင်မဟာကဿပ မထေရ်ကို ပြောပါသည်ဘုရား။

မေး....အရှင်မဟာကဿပဟု အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ....ကဿက ကမ္မာဒီသု သံဝေဂံ ပဋိလဘိတ္ဝာန ပဗ္ဗဇန တောတု ကဿပေါ-ဟူသော ဝိဂ္ဂိုဟ်ပါဠ်နှင့်အညီ လယ် လုပ်ခြင်းအစရှိသော အမှုတို့၌ ထိတ်လန့်ခြင်းတရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟုခေါ်ပါသည်ဘုရား။

မေး....ငယ်မည်ကို အဘယ်သူဆိုသနည်း။
ဖြေ....ရှေးအဆင်းကဲ့သို့ ကိုယ်သားကိုယ်ရေတို့၏ တင့်တယ်ခြင်း
ရှိသောကြောင့် ဝိပ္ပလိလုလင်ဟုဆိုပါသည် ဘုရား။
မေး....မင်္ဂလာသုံးဆယ့်ရှစ်ပါး ဆိုသော် အဘယ်သည်တို့နည်း။
ဖြေ....အသေဝနာစ၊ပါတော် မင်္ဂလ မုတ္တမံဟူသော ပဌမဒေသနာ
တော်၌ မင်္ဂလာသုံးပါး။

ပတိရူပ၊ပ:တော် မင်္ဂလ မုတ္တမံ ဟူသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး။

ဗာဟုသစ္စဥ္စ၊ပ တော် မင်္ဂလ မုတ္တမံ ဟူသော တတိယ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

မာတာပိတု၊ပါတော် မင်္ဂလ မုတ္တမံ ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာ သုံးပါး။

ဒါနဥ္စ၊ပါ၊ တော် မင်္ဂလ မုတ္တမံ ဟူသော ပဥ္စမဒေသနာတော်၌ မင်္ဂလာ လေးပါး။

အာရတီ၊ပါ၊တော် မင်္ဂလ မုတ္တမံ ဟူသော ဆဋ္ဌမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

ဂါရဝေါစ၊ ပ တော် မင်္ဂလ မုတ္တမံ ဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာ ငါးပါး။

ခန္တီစ၊ပါ၊တော် မင်္ဂလ မုတ္တမံ ဟူသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာ လေးပါး။

တပေါစ ၊ပ၊ တော် မင်္ဂလ မုတ္တမံ ဟူသော နဝမဒေသနာတော်၌ မင်္ဂလာ လေးပါး။

ဖုဋ္ဌဿ ၊ပ၊ တော် မင်္ဂလ မုတ္တမံ ဟူသော ဒသမ ဒေသနာ တော်၌ မင်္ဂလာ လေးပါး။

ဤသို့အားဖြင့် မင်္ဂလာ ၃၈-ပါး ရှိပါသည်ဘုရား။

မေး....အာသေဝနာ အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ....သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာ တပါး၊ ပညာရှိသောသူတို့ကို မှီဝဲဆည်းကပ် နှီးနှောရ ခြင်းသည်လည်း မင်္ဂလာတပါး၊ ဘုရားအစရှိသော ရတနာ သုံးပါးတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည် လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပဌမ ဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါ သည် ဘုရား။

မေး....အသေဝနာစ အစရှိသော ပဌမဒေသနာတော်၌ မင်္ဂလာ သုံးပါးကို သိရပါပြီ။ ပတိရူပ ဒေသ ဝါသောစ အစ ရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ....တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး၊ ရှေးကပြုခဲ့ဘူးသော ကောင်းမှုရှိခြင်း သည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို ကောင်းစွာထိန်း သိမ်း စောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာ တပါး၊ ဤသို့အားဖြင့် ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာ သုံးပါးရှိပါသည်ဘုရား။

မေး....ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ။ ဗာဟုသစ္စဉ္စ အစရှိသော တတိယ ဒေသနာတော်၌ မင်္ဂလာလေးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ....ကျမ်းဂန်တရား အကြားအမြင်များရခြင်းသည်လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်းကင်းသော နှုတ်မှု အတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ကောင်းစွာသိအပ်သော ဝိနည်းတရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဗာဟုသစ္စဉ္စ အစရှိသော တတိယ ဒေသနာဘော်၌ မင်္ဂလာလေးပါးရှိပါသည်ဘုရား။

မေး....ဗာဟုသစ္စဉ္စအစရှိသော တတိယဒေသနာတော်၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ။ မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ....အမိ အဖတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်းမင်္ဂလာတပါး၊ သားမယားတို့အား သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး၊ အနှောက်အရှက် မရှိသော လယ်လုပ်ခြင်း ကုန်သွယ်ခြင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာတရား သုံးပါးဖြစ်ပါသည်ဘုရား။

မေး....မာတာပိတုအစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာ သုံးပါးကို သိရပါပြီ။ ဒါနဥ္စ အစရှိသော ပဥ္စမဒေသနာ တော်၌ မင်္ဂလာတရား လေးပါးဆိုသော် အဘယ်သည် တို့နည်း။

ဖြေ....အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားကိုကျင့် ရခြင်းသည်လည်း မင်္ဂလာတပါး၊ အဆွေအမျိုး တို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းမင်္ဂလာတပါး၊ အပြစ် မရှိသော အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာ တပါး၊ ဤသို့အားဖြင့် ဒါနဥ္စ အစရှိသော ပဥ္စမဒေသ နာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး....ဒါနဥ္စအစရှိသော ပဥ္စမဒေသနာတော်၌မင်္ဂလာ လေးပါး ကို သိရပါပြီ။ အာရတီအစရှိသော ဆဋ္ဌမဒေသနာတော် ၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ... မကောင်းမှုကို မပြုမူ၍ ဝေးစွာ ကြဉ်ရှောင် ရခြင်းသည် လည်း မင်္ဂလာတပါး၊ ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်း ကင်းသောစိတ်ဖြင့် ငါသည် မကောင်းမှုကိုမပြုပြီ။ ငါ၏ အသက် သေသော်လည်း သေပါစေ၊ သူ၏ အသက်ကို မသတ်ပြီ၊ သူ့ဥစ္စာကို ခိုးယူခြင်းအစရှိသော အမှုကို မပြု ပြီဟု အထူးသဖြင့် ကြဉ်ရှောင်ရခြင်းသည်လည်း မင်္ဂလာ တပါး။

မေး....သုရာငါးပါးဆိုသော် အဘယ်နည်း။

ဖြေ....ပိဋ္ဌသုရာ-မုံ့ညက်ဖြင့်ပြုသောသေ၊ ပူဝသုရာ-မုံ့ဖြင့် ပြုသော သေ။ ဩဒန သုရာ-ထမင်းဖြင့် ပြုသောသေ။ ကိဏ္ဏပက္ခိတ္တ

သုရာ-တဆေးထည့်၍ ပြုသောသေ။ သမ္ဘာရသံယုတ္တာ-များစွာသော အဆောက် အဦတို့ဖြင့် ပြုသောသေ။ ဤသည်ကား သေငါးပါးဖြစ်ပါသည် ဘုရား။

မေး....မေရယ ငါးပါးဆိုသည် အဘယ်နည်း။

ဖြေ....ပုပ္ဖါသဝေါ-အပွင့်အရည်တို့ဖြင့် ပြုသောအရက်။ ဖလာသဝေါ-သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်။ မဓွာသဝေါ-မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။ ဂုဠာသဝေါ-ကြံရည်တို့ဖြင့် ပြုသော အရက်။ သမ္ဘာရသံယုတ္တော-များစွာသော အဆောက်အဦတို့ဖြင့် ပြုသောအရက်။ဤသည်ကား မေရယငါးပါးဖြစ်ပါသည် ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး။ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဓါန, ပတ္တာနုမောဒနာ, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်းသည်လည်း မင်္ဂလာတပါး။ ဤသို့အားဖြင့် အာရတီ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

မေး....အာရတီ အစရှိသော ဆဋ္ဌဒေသနာတော်၌မင်္ဂလာတရား လေးပါးကို သိရပါပြီ။ ဂါရဝေါစ အစရှိသော သတ္တမ ဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဟူသည်ကား အဘယ်နည်း။

ဖြေ....ဇာတ်၊ ဂုဏ်ရှိသောသူတို့အား အရိုအသေအလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာတပါး၊ ရရသမျှသော ပစ္စည်း အသုံး အဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့ အားဖြင့် သတ္တမ ဒေသနာတော်၌ မင်္ဂလာတရားငါးပါးဖြစ်ပါသည် ဘုရား။

မေး....သတ္တမ ဒေသနာတော်ဖြစ်သော ဂါရဝေါစ၌ မင်္ဂလာ တရား ငါးပါးကို သိရပါပြီ။ ခန္တီစ အစရှိသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဟူသော်ကား အဘယ်နည်း။

ဖြေ....ကိုယ့်အောက် ယုတ်သောသူတို့ကို သည်းခံရခြင်း သည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သော သူ၏အဖြစ်သည်လည်း မင်္ဂလာတပါး၊ ရဟန်း၊ ပုဏ္ဏား တို့ အား ဖူးမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ လျောက် ပတ်သောအခါ၌တရားစကားကိုနှီးနှောပြောဆိုဆွေးနွေး မေးမြန်းရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္တီစ၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည် ဘုရား။

မေး....အဋ္ဌမ ဒေသနာတော် ဖြစ်သော ခန္တီစ၌ မင်္ဂလာ တရား လေးပါးကို သိရပါပြီ။ တပေါစ အစရှိသော နဝမ ဒေ

သနာတော်၌ မင်္ဂလာတရား လေးပါး ဟူသည်ကား အဘယ်သည်တို့နည်း။

ဖြေ....ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရိယသစ္စာ တရားမှန်တို့ကို သိမြင်ရခြင်း သည်လည်း မင်္ဂလာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်းမင်္ဂလာတပါး၊ ဤသို့အားဖြင့် တပေါင်းအစရှိသော နဝမဒေသနာတော်၌ မင်္ဂလာတရားလေးပါး ဖြစ်ပါသည်ဘုရား။

မေး....နဝမဒေသနာတော် ဖြစ်သော တပေါင်း၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ။ ဖုဿသ အစရှိသော ဒသမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ....လာဘော, အလာဘော၊ ယသော, အယသော၊နိန္ဒာ, ပသံသာ၊ သုခံ, ဒုက္ခံ,တည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ထိုလောကဓံတရားရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာ ရမ္မက်ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင်သော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက်ခြင်း ကင်းသော အဖြစ်

သည်လည်း မင်္ဂလာဘုရားပါး၊ ဤသို့အားဖြင့် ဒသမ ဒေသ နာတော်၌ မင်္ဂလာလေးပါးဖြစ်ပါသည်ဘုရား။

မေး....မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာ မသေရ်သည် အရှင်ကဿပ မထေရ်အား ပြောသည်ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ....ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး ...ရာဇဂြိုဟ်ပြည်ဟု အဘယ်ကြောင့်ခေါ်ပါသနည်း။

ဖြေ....စကြဝတေး အစရှိသော ဘုန်းကြီးသော မင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး....ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော၊ အရှေ့, အနောက်, တောင်, မြောက် စသောအရပ်တွင် အဘယ်အရပ်မှာ ပြောပါသနည်း။

ဖြေ ...ရာဇဂြိုဟ်ပြည် မြို့ပြင်,မြောက်အရပ်,ဝေဘာရတောင်ဝှမ်းစရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝ၌ နတ်တို့ ဘုံဆောင် ဗိမာန်နှင့်တူသော ရတနာမျိုးတို့ဖြင့် တန်းဆာဆင်အပ်သော ချောမောပြေပြစ် ဆန်းကြယ် လှစွာသော ရတနာသဘင်မဏ္ဍပ်မှ ဣန္ဒနီလာ,မသာရဂလ်, မနောမယ အစရှိသောရတနာမျိုးတို့ဖြင့်စီမံအပ်သော ထွေထွေဒီးဒီး ရွှေချောင်းစီးသကဲ့သို့လျှံညီးတောက်ပသော ပလ္လင်ထက်၌အဘိုးအတိုင်းမသိသိုက်သော ခင်းနှီးနေရာပေါ်တွင်ဆင်စွယ်စီသောယပ်ကိုကိုင်၍အရှေ့စူးစူးသို့မျက်နှာပြုလျက်နေတော်မူပြီးလျှင် ပဌမ သင်္ဂါယနာကို အမှူးပြု၍ ဆောင်

ရှက်တော်မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာ ဖြေလျှောက်ပါသည်ဘုရား။ နတ်သားတောင်းပန်၍ ဟောတော်မူသောအခါ ကုဋေ ရှစ်သန်းမျှလောက်ကုန်သော နတ်သားတို့သည် ရဟန္တာ ဖြစ်ကြ၏ ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သူ အနန္တဆိုပါသည်ဘုရား။

မဟာမင်္ဂလာခွဲ အမေးအဖြေ ဤတွင် ပြီး၏။

## မင်္ဂလာသုတ်အဓိပ္ပါယ် အထူးမှတ်ချက်

**ကောမန္တံ အင္ဂသာသိ**—ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား... နီးလွန်းသောအရပ်၊ ဝေးလွန်းသောအရပ်၊ လေညာဖြစ်သောအရပ်၊ မြင့်သောအရပ်၊ ရှေ့တူရူဖြစ်သောအရပ်၊ နောက်တူရူဖြစ်သောအရပ်၊ ၎င်းခြောက်ရပ်မှလွတ်သောအရပ်ကို ဆိုလိုသည်။

**ပတိရူပ ဒေသ ဝါသောစ**-ဟူသော ပါဌ်၏အဓိပ္ပါယ်ကား.... ရတနာသုံးပါး ထင်ရှားရှိသော အရပ်၌နေရခြင်းကိုဆိုလိုသည်။

**အတ္တသမ္မာပဏိဓိစ**-ဟူသော ပါဌ်၏အဓိပ္ပါယ်ကား....ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည်ဆိုလိုသည်။

**သုဘာသိတာစ ယာဝါစာ**-ဟူသောပါဌ်၏အဓိပ္ပါယ်ကား.... ပိသုဏဝါစာမှ ကြဉ်၍ဆိုသော သုဘာသိတ စကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပ္ပလာမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှကြဉ်၍ဆိုသော သစ္စာစကား၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကို ဆိုလိုသည်။

**ပုတ္တဒါရဿသင်္ဂဟော**–ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား.... သရဏဂုံဆောက်တည်၍, ပဉ္စသီလကို ထိန်းစောင့်၍, ကုသိုလ် ကောင်းမှုပြု၍, တရားတော်နှင့်အညီ သားမယား မွေးရမည် ဆိုလိုသည်။

**ဒါနဉ္စဓမ္မစရိယာ**--ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား....ဆွမ်း, အဖျော်, ကျောင်း,သင်္ကန်း,ယဉ်,ပန်း, နံ့သာပျောင်း, နံ့သာ, အိပ်ရာနေရာ, ဆီမီး, ဤဒါန၀တ္ထု ဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သောဆေး၊ ဤဆယ့်တပါးကို ဒါနဉ္စပုဒ်၌ သွင်းအပ်၏။

ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မ စရိယာပုဒ်၌ သွင်းအပ်၏။

အဌင်္ဂသီလကို အနဝဇ္ဇာနိ ကမ္မာနိပုဒ်၌ သွင်းအပ်၏။

**အာရတီဝိရတီ**-ပါဌ်၏ အဓိပ္ပါယ်ကား... စိတ်နှလုံးဖြင့် ကြဉ် ခြင်းသည် အာရတီမည်၏။ ကိုယ်, နှုတ်, နှစ်ပါးဖြင့် ကြဉ်ခြင်း သည် ဝိရတီမည်၏။

**မဇ္ဇပါနာ**—ပါဌ်၏ အဓိပ္ပါယ်ကား သုရာ ငါးပါး, မေရ ငါးပါးတို့ကို ရှောင်ကြဉ်ရမည်ဆိုလိုသည်။

**သန္တုဋ္ဌိစ**-ပါဌ်၏ အဓိပ္ပါယ်ကား....ကိလေသာတို့ကို ခေါင်း ပါးစေခြင်းငှာ လောဘအာရုံ သို့မလိုက်မူ၍ရရှိသမျှသောပစ္စည်း တို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

**ကာလေနဓမ္မဿဝနံ**—ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား.... ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်၊ ဤမိစ္ဆာဝိတက်

မဝင်သောအခါသည် တရားတော်ကိုနာခြင်းငှာ လျောက်ပတ်သောအခါမည်၏။

**သောဝစဿတာ**—ဟူသော ပါဌ်၏ အဓိပ်ပါယ်ကား....သားတော်ရာဟုလာကို ဩဝါဒပေးတော်မူသောအခါ တခွန်းတည်းသောစကားဖြင့် နာယူလွယ်သကဲ့သို့ သူတော်ကောင်းတို့ ဆုံးမစကားကို တခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည်ဟုဆိုလိုသည်။

**သမဏာနဉ္စ ဒဿနံ** — ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား....သီလဝန္တပုထုဇ္ဇန် ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

**တပေါစ**-ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား....ဝိရိယကို ဖြစ်စေ၍ ဣန္ဒြိယသံဝရသီလကို လုံအောင် ထိန်းသိမ်းရမည်ဆိုလိုသည်။

**ဗြဟ္မစရိယဉ္စ**—ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား....မေထုန် ၇-ပါး ကြဉ်ရမည် ဆိုလိုသည်။

**အရိယသစ္စာနဒဿနံ**-ဟူသောပါဌ်၏အဓိပ္ပါယ်ကား....သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည်ဟု ဆိုလိုသည်။

**နိဗ္ဗာနသစ္ဆိကိရိယာစ**—ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား....အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ဆင်ခြင်ခြင်းကိုဆိုလိုသည်။

**လောကဓမ္မေဟိ**—ဟူသော ပါဌ်၏ အဓိပ္ပါယ်ကား ...လာဘ်ရခြင်း,လာဘ်မရခြင်း၊ အခြံအရံရှိခြင်း၊ အခြံအရံမရှိခြင်း၊ ကဲ့ရဲ့

ခြင်း, ချီးမွမ်းခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း၊ ဤလောကဓံ တရား ရှစ်ပါးကို ဆိုလိုသည်။

အထူးမှတ်ရန် အဓိပ္ပါယ်အကျဉ်းပြီး၏။

## မင်္ဂလာတရား (၃၈) ပါး သံဒပါက်

၁။ ကောလာဟလ၊ ကြုံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သက္က-သိကြား၊တောင်းပန်ငြား၊ဟောသဘားဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွာ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝန၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အင်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ။
၉။ အကြားအမြင်၊ များမြောင်စင်၊ ကြည်လင်အားထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယောစ၊ သိက္ခိတ၊ သင်ကြ မျိုးလေးဖြာ၊
၁၂။ သုဘာသိတ၊ ယာဝါစ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာ, ပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ မယား-သားအား၊ သင်္ဂြိုဟ်ငြား၊ တပါးမင်္ဂလာ။
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလှူဒါန၊ ပေးဝေငှ၊ ထက်လှစေတနာ။

၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွသူတော်စွာ။
၁၈။ ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ့,စ သင်္ဂြိုဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတိစ၊ အဓမ္မ၊ နေ့ည ကြဉ်ကုန်ပါ။
၂၁။ ဝိရတိစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ည မမေ့ရာ။
၂၄။ ဂါရဝေါစ၊ရိုတုတ်ကွ၊ မြတ်လှဓမ္မတာ။
၂၅။ နိဝါသောစ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ။
၂၆။ သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စ အလွယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြှုး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။
၂၉။ သည်းခံနှလုံး၊ သူတော်ထုံး၊ ရှင်ပြုံး ကျင့်အပ်စွာ။
၃၀။ ကောင်းသည် စကား ဆိုတတ်ငြား၊ အများ ကြည်
မေတ္တာ။
၃၁။ မကောင်းမှုအား၊ ဝေးစွာရှား၊ လားလားကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချက်မရှိရာ။
၃၃။ သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ။
၃၆။ အရိယသစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန် မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်း တောက်
မင်္ဂလာ။

၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်နှစ်ခု၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အများမှတ်ကုန်ပါ။
၄၃။ ကျက်၍အရ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

မင်္ဂလာ သံပေါက် ပြီး၏။

# ၂—အပြင်အောင့်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံ သဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေနမာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၂။ မာရာ တိရေက မဘိယုဇ္ဈိတ သဗ္ဗ ရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၃။ နာဠာဂိရိံ ဂဇဝရံ အတိမဒ္ဒဘူတံ၊
ဒါယဂ္ဂိ စက္က မသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ သေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မဘိဟတ္ထ သုဒါရုဏန္တံ။
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီ ဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇေသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၅။ ကတွာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇန ကာယ မဇ္ဈေ။

သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါ ဘိရောပိတ မနံ အတိအန္ဓဘူတံ။
ပညာ ပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရ ဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိ မဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာ ဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

အပြင်အောင်ခြင်းရှစ်ပါး ပါဠ် ပြီး၏။

## အပြင်အောင်ခြင်း ရှစ်ပါးအနက်

၁။ ယောမုနိန္ဒော၊အကြင်မြတ်စွာဘုရားသည်။ဂိရိမေခလံ၊ ဂိရိမေခလာအမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတ သာဝုဓန္တံ၊ အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်သော။ ဗာဟုံသဟဿံ၊ တထောင်သော လက်ရုံးရှိထ

သော။ ဃောရံ၊ ကြမ်းတမ်းစွာထသော။ သသေနမာရံ၊ စစ်သည်နှင့် တကွသော မာရ်နတ်သားကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသောတရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏။ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက်အလွန်။ သဗ္ဗရတ္တိံ၊ ညဥ့်သုံးယံပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဘွယ်ရှိထသော။ အက္ခမံ၊ သူတပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းထမ်းခက်မာစွာထသော။ အာဠဝကံ၊ အာဠဝကအမည်ရှိသော။ ယက္ခံပန၊။ ဘီလူးကိုကား။ ခန္တီသုဒန္တဝိဓိနာ၊ သည်းခံတော်မူခြင်း, ကောင်းစွာ ယဥ်ကျေးစေတော်မူခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ အာဠာဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါယဂ္ဂိ—စက္ကမသနိဝ၊ တောမီး, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ နာဠာဂိရိံ၊ နာဠာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ မြတ်သောမင်းစီးဆင်ကို။ မေတ္တမ္ဗုသေကဝိဓိနာ၊ မေတ္တာ

တော်ရေကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊အကျွန်ုပ်အား၊ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဥက္ခိတခဂ္ဂမဘိဟတ္ထသုဒါရုဏန္တံ၊ ချီအပ်သောသံလျက်လက်၌ ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊ သုံးယူဇနာရှိသောခရီးကို။ ဓာဝံ၊တဟုန်တည်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊လက်ညှိုးတည်းဟူသော ပန်းရှိသောခိုးသူကို။ ဣဒ္ဓါဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော် ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊အကျွန်ုပ်အား။ အဂ္ဂံ၊မြတ်သော။ ဇယမင်္ဂလံ၊အောင်ခြင်းမင်္ဂလာသည်။ ဘဝတု ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ကဋ္ဌံ၊ သစ်သားကို။ ဂဗ္ဘိနီယံ၊ကိုယ်ဝန်ဆောင်သော။ ဥဒရံဣဝ၊ ဝမ်းကဲ့သို့။ ကတွာန ပြုလတ်၍။ ဇနကာယမဇ္ဈေ၊တရားနာပရိသတ်ဖြစ်သော လူရဟန်းအပေါင်းတို့အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို။သန္တေန၊ငြိမ်သက်စွာထသော။ သောမဝိဓိနာ၊ ဖြူစင်စွာသောအစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။

တံ့တေဇသာ၊ စိဥ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ တည်း။

၆။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟုဆိုအပ်သော ဝါဒတည်းဟူသောမှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတပါးတို့အား နှိမ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန်မိုက်လှစွာသော ကုဋ္ဌဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပဇလိတော၊ ပညာတော် တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော်မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ကုဋ္ဌဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ သည်။ ဘဝတု၊ တည်း။

၇။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူးအပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇဂံ၊ နန္ဒောပနန္ဒအမည်ရှိသောနဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင်မောဂ္ဂလာန်ကို။ ဒုနာပယန္တော အခိုးအလျှံကို ထွက်စေလျက်။ ဣဒ္ဓုပဒေသဝိဓိနာ၊ တန်ခိုးတော်ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကိုပေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါး

မင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန၊ မကောင်းသော အယူမိစ္ဆာဒိဋ္ဌိ တည်းဟူသော မြွေသည်။သုဒဋ္ဌဟတ္ထံ၊ပြင်းစွာ ကိုက်အပ်သော လက်ရှိ ထသော သုတံ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသော တန်ခိုးရှိကသော။ဗကာဘိဓာနံ၊ ဗကအမည်ရှိသော။ ဗြဟ္မံ၊ဗြဟ္မာမင်းကို။ဉာဏာဂဒေန၊ဉာဏ်တော်တည်းဟူသော။ အဆိပ်ကိုဖျောက်တတ်သော ဆေးဟုဆိုအပ်သော။ဝိဓိနာ၊ အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ဗကအမည်ရှိသော ဗြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်း ရှစ်ပါး အနက် ပြီး၏။

# ၃—အတွင်းအောင်ခြင်း ရှစ်ပါးပါဠိ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

၁။ အဝိဇ္ဇာ အဏ္ဍကောသမှိ၊ သတ္တေ တဏှာ ဇလာဗုဇေ။
တမှာ ဌာနာ နိက္ခာမေသိ၊ ဒေသနာဉာဏတေဇသာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာ စက္ခုံ လဘာပေသိ။
ဉာဏာ လောကေန သော ဇိနော။
တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိ ဇာလေဟိ၊ ဍဍ္ဎုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရ နာထော၊ အဋ္ဌ မဂ္ဂင် ဝါရိနာ။
တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယှန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၅။ သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။
တေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၆။ ကဠမ္ဗုခါဒိ သဗ္ဗေဟိ၊ ဍူဠဘကာယံမဟာဇနံ။ နိဗ္ဗာပေယံသိ မဟာဒိဗ္ဗော၊ နာဿေ တိလောက ဝေဇ္ဇကော။
ဧတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၇။ သံသာရ ဒုက္ခကန္တာရာ၊ ကိလေသ စောရ ပီဠိတံ။ ခေမန္တဘူမိံ တာရေသိ၊ သတ္တဝါဟော ဝိနာယကော။
ဧတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၈။ ပဥ္စတာလီသ ဝဿာနိ၊ ဥတ္တာ လောကံ သဒေဝကံ။ ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သသာဝကော။
ဧတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

အတွင်းအောင်ခြင်း ရှစ်ပါးပါဠိ ပြီး၏။

## အတွင်းအောင်ခြင်း ရှစ်ပါး အနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမှို၊ အဝိဇ္ဇာတည်းဟူသော ဥခွံ တွင်း၌။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော သားအိမ်၌ ဖြစ်ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ဒေသနာဉာဏဝေဇသာ၊ ဒေသနာဉာဏ်တည်းဟူသော တန်ခိုးဖြင့်။ တမှာဌာနာ၊ ထို အဝိဇ္ဇာဥခွံ တဏှာသားအိမ်အရပ်မှ။ နိက္ခာမေသိ၊ ထွက်မြောက်စေတော်မူပြီ။ ဧတေန သစ္စ ဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်၊ မေ၊ အကျွန်ုပ်အား။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သောဇိနေ့ာ ထိုမြတ်စွာဘုရားသည်။ ဥာဏလောကေန၊ ဥာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်။ မဟာ မောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက်တည်းဟူသော မောဟသည်။ အဘိဘူတေ၊ အလွန်နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တေ၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေယိ၊ ရစေတော်မူပြီး တေန သစ္စ ဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အား။ ဇယမင်္ဂလံ သည်။ ဟောတု၊ တည်း။

၃။ နရနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိ၊ အဂ္ဂိဇာလေဟိ၊ ရာဂအစရှိသော မီးလျှံတို့ဖြင့်။ ဥဇ္ဇုကာယံ၊ ပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဋ္ဌမဂ္ဂင်္ဂဝါရိနာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသောရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ငြိမ်းစေတော်မူပြီ။ တေန သစ္စ ဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော၊ ကြီးမြတ်သော လုံ့လ ရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရေ၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုရောဃေဟိ၊ လေးပါးသောအယဉ်တို့ဖြင့်။ဝုယှန္တေ၊မျောကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝါယ၊ တရားတည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ တေန သစ္စ ဝဇ္ဇေန၊ ဤသို့

သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ သည်။ ဟောတု၊ တည်း။

၅။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရစရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိ အစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။ ပိဠိတံ၊ နှိပ်စက်အပ်သသော။ လောကံ၊ လူအပေါင်းကို။ ယာနတ္တယေန၊ ယာဉ်သုံးပါးတို့၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ ဧတေန သစ္စ ဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၆။ မဟာခိရော၊ ကြီးမြတ်သော ပညာရှိတော်မူထသော။ တိလောက ဝေဇ္ဇကော၊ လူသုံးပါးတို့၏ ဆေးသမားသဘွယ်ဖြစ်တော်မူထသော။ နာတော၊ မြတ်စွာဘုရားသည်။ ကဌမုခါဒိ သပ္ပေဟိ၊ ကဌမုခ အစရှိသော မြွေလေးစင်းတို့သည်။ဒဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊များစွာသောသတ္တဝါကို။နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သောသစ္စာစကားကြောင့်။ မေ၊ အား။ ဇယမင်္ဂလံ၊ သည်။ ဟောတု၊ တည်း။

၇။ သတ္တဝါဟော၊ ယာဉ်မှူးသဘွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည်။ ကိလေသစောရပိဠိတံ၊ ကိလေသာ တည်းဟူသော ခိုးသူတို့သည် နှိပ်စက်အပ်သော သတ္တဝါပေါင်းကို။ သံသာရ ဒုက္ခကန္တာရာ၊သံသရာဆင်းရဲတည်းဟူသော

ခရီးခဲမှ။ ခေမန္တဘူမိံ၊ ဘေးမရှိရာနိဗ္ဗာန်သို့။ တာရေသိ၊ ပို့ဆောင် ထုတ်ချောက် ကူးမြောက်စေတော်မူပြီ၊ တေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန့်ုပ်အား။ ဇယမင်္ဂလံ့သည်။ ဟောတု၊ တည်း။

ဂ။ သော၊ ထိုဆိုအပ်ပြီးသော ကျေးဇူးအပေါင်း တို့နှင့်ပြည့်စုံတော်မူပြီးသောမြတ်စွာဘုရားသည်။ ပဥ္စတာလီသဝဿာနိ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဌတွာ တည်တော်မူ၍။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ဓမ္မရသံ၊ တရားတည်းဟူသော အမြိုက်အရသာကို။ပိဝယိတွာ၊ သောက်စေတော်မူပြီး၍။ သသာဝကော၊ တပည့်သား သံဃာတော်အပေါင်းနှင့် တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ တေန ၊သစ္စ ဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်၊၊ မေ၊ အကျွန့်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ဟောတု၊ ဖြစ်ပါစေသတည်း။

အတွင်းအောင်ခြင်းရှစ်ပါး အနက်ပြီး၏။

# ၄—ရတနာရွှေချိုင့်ပါဌ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇယာသနာဂတာ ဗုဒ္ဓါ၊ ဇိတွာ မာရံ သဝါဟနံ။
စတု သစ္စာမတ ရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိနာယကာ၊
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပဋ္ဌိတောနေသိ၊ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ။
သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာ ဘာဂသ္မိံ။
မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊
အာသုံ အာနန္ဒ ရာဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။

၇။ ကုမာရ ကဿပေါနာမ၊ မဟေသီ စိတြဝါဒကော။
သောမယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာ ကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိ နန္ဒ သီဝလိ။
ဣမေ ပဉ္စမဟာထေရာ၊ နလာဋေ တိလကာဝိယ။
၉။ တေဟိ သေသာ မဟာထေရာ၊ ဇိတဝန္တော ဇိနောရ
သာ။ဇလန္တာ သီလတေဇေန၊အင်္ဂမင်္ဂေသု သဏ္ဌိတာ။
၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ၊ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ၊
၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။ အာကာ
သေ ဆဒနံ အာသိ၊ သေသာ ပါကာရ လင်္ကတာ။
၁၂။ ဇိနာနံ ဗလသံယုတ္တော၊ ဓမ္မပါကာရ လင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓပဉ္ဇရေ။
၁၃။ ဝါတပိတ္တာဒိ သဉ္ဇာတော၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။
၁၄။ ဇိနပဉ္ဇရ မဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာသဘာ။
၁၅။ ဣစ္စေဝမေ ကန္တကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

ရတနာရွှေချိုင့် ပါဠိပြီး၏။

## ရတနာရွှေချိုင့် အနက်

၁။ ဇယာသနာ ဂတာ၊ အောင်နေရာခွင် အပရာဇိတပလ္လင်သို့ရောက်တော်မူကုန်ထသော၊နရာသဘာ လူနတ်ဗြဟ္မာသတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်ထသော။ ယေဗုဒ္ဓါ၊ အကြင်

မြတ်စွာဘုရားတို့သည်။ သန္တိ၊ရှိတော်မူကုန်၏။ တေ ဗုဒ္ဓါ၊ ထို မြတ်စွာဘုရားတို့သည်။ သဝ ါဟနံ၊ စစ်သည်ဗိုလ်ပါနှင့်တကွဖြစ် သော။မာရံ၊ မာရ်နတ်သားကို။ ဇိတွာ၊ အောင်တော်မူလေကုန် သည်ဖြစ်၍။ စတုသစ္စာမတရသံ၊ သစ္စာလေးဖြာ မြိုက်ရသာကို။ ပိဝိံ သု၊ သောက်တော်မူလေကုန်ပြီ။

၂။ မုနိဿရာ၊ ရသေ့ ရဟန်းအပေါင်းတို့ကို အစိုးရဘော် မူကုန်ထသော။ နာယကာ၊လူနတ်ဗြဟ္မာ သတ္တဝ ါအပေါင်းတို့၏ ခရီးလမ်းညွှန်သဘွယ်လည်းဖြစ်တော်မူကုန်ထသော။အဋ္ဌဝီသတိ နှစ်ကျိပ်ရှစ်ဆူကုန်သော။ တဏှင်္ကရာဒယော။ တဏှင်္ကရာ ဘုရား အစရှိကုန်သော၊ ယေဗုဒ္ဓါ၊အကြင်မြတ်စွာဘုရားတို့သည်။ သန္တိ၊ ရှိတော်မူကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဗုဒ္ဓါ၊ ထို မြတ်စွာဘုရားတို့သည်။ မယှံ၊ အကျွန်ုပ်၏၊ မတ္တကေ၊ ဦးခေါင်း ထက်၌။ပတိဋ္ဌိတာ၊တည်တော်မူကုန်သည်။အဟေသုံ ဖြစ်ကုန်ပြီ။

၃။ သဗ္ဗဂုဏာကရော၊ ခပ်သိမ်းသော ဂုဏ်ကျေးဇူးတော် အပေါင်းတို့၏ တည်ရာလည်းဖြစ်တော်မူသော။နော၊ အကျွန်ုပ် တို့၏။ ဗုဒ္ဓေါ၊ ဂေါတမမြတ်စွာဘုရားသည်။ မယှံ၊ အကျွန်ုပ်၏။ သီသေ၊ဦးခေါင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ ဓမ္မော၊ ကိုးပါးသော လောကုတ္တရာတရားတော်သည်။ မယှံ၊အကျွန်ုပ်၏။ ဒွိလောစနေ၊ မျက်စိနှစ်ဘက်၌။ ပတိဋ္ဌိတော။ တည်တော်မူသည်။အသိ၊ဖြစ်ပြီ။သံဃော။မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိ ယာ သံဃာတော်သည်။ မယှံ၊ အကျွန်ုပ်၏။ ဥရေ၊ ရင်၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။

၄။ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါသည်။ မေ၊ အကျွန်ုပ်၏။ ဟဒယေ၊နှလုံး၌။ ပတိဋ္ဌိတော၊တည်တော်မူသည်။အသိ၊ဖြစ်ပြီ။ သာရိပုတ္တော စ၊အရှင်သာရိပုတ္တရာသည်လည်း။မေ၊၏။ဒက္ခိဏေ၊ လက်ျာ၌။ ပတိဋ္ဌိတော၊ တည်တော်မူသည်။ အာသိ၊ ဖြစ်ပြီ။ ကောဏ္ဍညော၊ကောဏ္ဍညအရှင်သည်။မေ၊၏။ပစ္ဆာဘာဂသ္မိံ၊ နောက်အဘို့၌။ ပတိဋ္ဌိတော၊တည်တော်မူသည်။ အသိ၊ ဖြစ်ပြီ။ မောဂ္ဂလ္လာနော စ၊ အရှင်မောဂ္ဂလာန်သည်လည်း။မေ၊ ၏။ ဝါမကေ၊ လက်ဝဲ၌။ ပတိဋ္ဌိတော၊ သည်။ အသိ၊ ဖြစ်ပြီ။

၅။ အာနန္ဒ ရာဟုလာ၊ အရှင်အာနန္ဒာ, အရှင်ရာဟုလာတို့သည်။ မယှံ၊ အကျွန်ုပ်၏။ ဒက္ခိဏေသဝနေ၊ လက်ျာနား၌။ ပတိဋ္ဌိတာ၊ တည်တော်မူကုန်သည်။ အာသုံ၊ဖြစ်ကုန်ပြီ။ ကဿပေါ စ၊ ကဿပ, အရှင်သည်၎င်း။ မဟာနာမော စ၊ မဟာနာမ်အရှင်သည်၎င်း။ ဥဘော၊ နှစ်ပါးသော အရှင်တို့သည်။ မယှံ၊ အကျွန်ုပ်၏ ဝါမသောတကေ၊ လက်ဝဲနား၌။ ပတိဋ္ဌိတော၊ တည်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၆။ သူရိယောဝ နေမင်းကဲ့သို့။ ပဘံကရော၊ အရောင်ကိုပြုတတ်သော။ သိရိသမ္ပန္နော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော။ မုနိပုင်္ဂဝေါ၊ ရဟန်းတကာတို့၏အရှင်ဖြစ်သော။ သောဘိတော၊သောဘိတ, အရှင်သည်။ မယှံ၊အကျွန်ုပ်၏။ကေသန္တေ၊ ဆံ၏ အဆုံးဖြစ်သော။ ပိဋ္ဌိဘာဂသ္မိံ၊ ကျောက်ကုန်းအဘို့၌။ နိသိန္နော၊ နေတော်မူသည်။ အာသိ၊ ဖြစ်ပြီ။

၇။ မဟေသီ၊ သီလက္ခန္ဓ, စသည့် ကျေးဇူးဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူလေ့ရှိထသော။ စိတြဝါစကော၊ ဆန်း

ကြွယ်သော တရားစကားကို ဆိုတော်မူတတ်ထသော။ ဂုဏာက ရော၊ ကျေးဇူးတော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူထသော။ ကုမာရကဿပေါနာမ၊ ကုမာရကဿပ မည်တော်မူသော ။သော တေ ရော၊ ထိုမထေရ်သည်။ မယုံ၊ အကျွန်ုပ်၏။ဝဒနေ၊ နှုတ်ခမ်း ၌။ နိစ္စံ၊အမြဲ။ ပတိဋ္ဌာသိ၊ တည်တော်မူ၏။

၈။ ပုဏ္ဏာစ၊ အရှင်ပုဏ္ဏမထေရ်ရှင်း၊ အင်္ဂုလိမာလောစ၊ အရှင်အင်္ဂုလိမာလမထေရ်ရှင်း။ဥပါလိနန္ဒသီဝလိစ၊ အရှင်ဥပါလိ ထေရ်, အရှင်နန္ဒဆေရ်, အရှင်သီဝလိထေရ်ရှင်း။ဣမေ ပဉ္စမဟာ ထေရာ၊ ဤငါးပါးသော မဟာထေရ်တို့သည်။ မေ၊ အကျွန်ုပ် ၏။ နလာဋေ၊ နဖူးပြင်၌။ တိလကာဝိယ၊ မှန်ကူသကဲ့သို့။ပတိဋ္ဌိ တာ၊ တည်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၉။ တေဟိ၊ ထိုအရှင်အနုရုဒ္ဓါ, အရှင်သာရိပုတ္တရာ အစရှိ သော အရှင်တို့မှ။ သေသာ၊ ကြွင်းကုန်သော။ ဝိတဝန္တော၊ အောင်အပ်ပြီးသော ရမ္မက်ရှိကုန်သော။ ဇိနောရသာ၊ မြတ်စွာ ဘုရားသခင်၏ သားတော်ဖြစ်ကုန်သော။ သီလတေဇေန၊ သီလ တန်ခိုးအားဖြင့်။ ဇလန္တာ၊ ထွန်းတောက်ပကုန်သော။ မဟာ ထေရာ၊ မဟာထေရ်တို့သည်။ မေ၊ အကျွန်ုပ်၏။ အင်္ဂမင်္ဂေသု၊ မြတ်သောအင်္ဂါတို့၌။ သံဌိတာ၊ ကောင်းစွာ တည်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၁၀။ ရတနံ၊ ရတနသုတ် ပရိတ်တော်သည်။ မေ၊အကျွန်ုပ် ၏။ ပုရတော၊ ရှေ့မှ။ ပတိဋ္ဌိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။ မေတ္တံသုတ္တကံ၊ မေတ္တသုတ် ပရိတ်တော်သည်ကား။ မေ၊ အကျွန်ုပ်၏။ ဒက္ခိဏော၊လက်ျာ၌။ ပတိဋ္ဌိတံ၊တည်သည်။ အာသိ၊

ဖြစ်၏။ ဓဇဂ္ဂံ၊ ဓဇဂ်သုတ်ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ပဿတော၊ နောက်မှ။ ပတိဠိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။ အင်္ဂုလိမာလကံ၊ အင်္ဂုလိမာလသုတ် ပရိတ်တော်သည်။ မေ၊ အကျွန်ုပ်၏။ ဝါမေ၊လက်ဝဲ၌။ ပတိဠိတံ၊ တည်သည်။ အာသိ၊ ဖြစ်၏။

၁၁။ ခန္ဓမောရ ပရိတ္တဉ္စ၊ ခန္ဓသုတ်, မောရသုတ် ပရိတ်တော်သည်ငှင်း။ အာ ဋာ နာ ဋိ ယ သု တ္တ ကံ၊ အာဋာနာဋိယ သုတ် ပရိတ်တော်သည်ငှင်း။ အာကာသေ၊ ကောင်းကင်၌။ ဆဒနံဝိယ၊ ထီးကဲ့သို့။ အာသိ၊ ဖြစ်ပြီ။သေသာ၊ ကြွင်းကုန်သော ပရိတ်တော်တို့သည်ကား။ပါကာရလင်္ကာတာ ဝိယ၊ တံတိုင်းကဲ့သို့ ကောင်းစွာတည်ကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

၁၂။ ဇိနာနံ၊ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏။ ဗလသံယုတ္တေ၊ ဆယ်ပါးသော အားတော်နှင့် ယှဉ်ထသော။ ဓမ္မပါကာရလင်္ကာတေ၊ တရားတော်တည်းဟူသော မြို့တံတိုင်းဖြင့် တန်းဆာဆင်အပ်ထသော။ သမ္မာသမ္ဗုဒ္ဓပဉ္စရေ၊ မြတ်စွာဘုရား တည်းဟူသော ရွှေချိုင့်၌အကိစ္စေနံ၊မငြိုငြင်သဖြင့်။ဝသတော၊ နေသော။ မေ၊ အကျွန်ုပ်အား။

၁၃။ ဝါတ ပိတ္တာဒိသဉ္ဇာတာ၊ လေ, သည်းခြေ စသည် တို့ကြောင့်ဖြစ်ကုန်သော။ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ၊ အတွင်းအပ၌ ဖြစ်ကုန်သောဘေးရန်တို့သည်။ အနန္တဂုဏတေဇသာ၊ အဆုံးမရှိ သော ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော် အားဖြင့်။ အသေသာ၊ အကြွင်းအကျင်မရှိကုန်သည်ဖြစ်၍။ဝိနာ

သံ၊ ပျောက်ပျက်ခြင်းသို့။ ယန္တု—ပါပေန္တု၊ ရောက်စေကုန်သတည်း။

၁၄။ ဇိနပဥ္စရမဏ္ဍမှို၊ မြတ်စွာဘုရားသခင်တည်း ဟူသောရွှေချိုင့်အလယ်၌။ ဝိဟရန္တံ၊ နေသော။ မံ၊ အကျွနုပ်ကို။ မဟီတလေ၊ မြေအပြင်၌။ အာသဘာ၊ ကြီးမြတ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေမဟာပုရိသာ၊ ထိုယောကျ်ားမြတ်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ပါလေန္တု၊ စောင့်ရှောက်စေကုန်သတည်း။

၁၅။ ဣစ္စေဝံ—ဣတိဧဝံ ယထာဝုတ္တပကာရေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ မေ-မယာ၊ ငါသည်။ ဧကန္တံ-ဧကန္တေန၊ စင်စစ်အားဖြင့်။ သုရက္ခော၊ ကောင်းသောအစောင့်အရှောက်ကို။ ကတော၊ ပြုအပ်ပြီ။ ဇိနာနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော်တော်အားဖြင့်။ ဟတာရိ သံဃော၊ သတ်အပ်ပြီးသော ဘေးရန်အပေါင်းသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ဂုဏာကရဿ၊ သီလ, သမာဓိ အစရှိသော ကျေးဇူးအပေါင်းတို့၏ တည်ရာဖြစ်သော။ သံဃဿ၊ ပရမတ္ထ သင်္ဃာတော်၏ တေဇေန၊ တန်ခိုးဖြင့်။ သုစိတ္တော၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းရှိသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

ရတနာရွှေချိုင့် အနက်ပြီး၏။

# ၅—နမက္ကာရပါဠိ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

၁။ သုဂတံ သုဂတံ သေဋ္ဌံ၊ ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ; အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊ အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊ နာယကံ နာယကံ နမေ။

၂။ နယန သုဘာဂ ကာယင်္ဂံ၊ မဓုရ ဝရ သရောပေတံ။
အမိတ ဂုဏ ဂဏာ ဓာရံ၊ ဒသဗလ မတုလံ ဝန္ဒေ။

၃။ ယော ဗုဒ္ဓေါ ဓိတိမာညု ဓာရကော၊
သံသာရေ အနုဘောသိ ကာယိကံ။
ဒုက္ခံ စေတသိကဉ္စ လောကတော၊
တံ ဝန္ဒေ နရ ဒေဝ မင်္ဂလံ။

၄။ ဗာတ္တိံသတိ လက္ခဏ စိတြ ဒေဟံ၊
ဒေဟာ ဇုတိ နိဂ္ဂတ ပဇ္ဇလန္တံ။
ပညာဓိတိ သီလဂုဏော ဃဝိန္ဒံ၊
ဝန္ဒေ မုနိ မန္တိမ ဇာတိ ယုတ္တံ။

၅။ ပါတောဒယံ ဗာလ ဒိဝါကရံဝ၊
မဇ္ဈေ ယတီနံ လလိတံ သိရီဟိ။
ပုဏ္ဏိန္ဒု သင်္ကာသ မုခံ အနေဇံ၊
ဝန္ဒာမိ သဗ္ဗညု မဟံ မုနိန္ဒံ။

၆။ ဥပေတ ပုညော ဝရ ဗောဓိမူလေ၊
သ သေန မာရံ သုဂတော ဇိနိတွာ။
အဗုဇ္ဈိ ဗောဓိံ အရုဏောဒယမှိ၊
နမာမိ တံ မာရ ဇိနံ အ ဘင်္ဂံ။

၇။ ရာဂါဒိ ဆေဒါ မလ ဉာဏ ခဂ္ဂံ၊
သတီသမညာဖလကာ ဘိဂါဟံ။
သီလော ဃာလင်္ကာရ ဝိဘူသိတံ တံ။
နမာမိ ဘိညာ ဝရမိဒ္ဓုပေတံ။

၈။ ဒယာ လယံ သဗ္ဗဓိ ဒုက္ကရံ ကရံ၊
ဘဝဏ္ဏဝါတိက္ကမ မဂ္ဂတံ ဂတံ။
တိလောကနာထံ သု သမာဟိတံ ဟိတံ၊
သမန္တ စက္ခုံ ပ ဏမာမိ တံ မိတံ။

၉။ တဟိံ တဟိံ ပါရမိ သဉ္စယံ စယံ၊
ဂတံ ဂတံ သဗ္ဘိ သုခပ္ပဒံ။
နရာ နရာနံ သုခ သမ္ဘဝံ ဘဝံ၊
နမာနမာနံ ဇိန ပုင်္ဂဝံ ဂဝံ။

၁၀။ မဂ္ဂင်္ဂ နာဝံ မုနိ ဒက္ခ နာဝိကော၊
ဤဟာပိယံ ဉာဏ ကရေန ဂါဟကော။
အာရုယှ ယော တာယ ဗဟူ ဘဝဏ္ဏဝါ။
တာရေသိ တံ ဗုဒ္ဓမဃပ္ပဟံ နမေ။

၁၁။ သမ တိံ သတိ ပါရမိ သမ္ဘရဏံ၊
ဝရ ဗောဓိ ဒုမေ စတု သစ္စ ဒသံ။

ဝရမိဒ္ဓိ ဂတံ နရ ဒေဝ ဟိတံ၊
တိဘဝူပသမံ ပဏမာမိ ဇိနံ။

၁၂။ သတ ပုညဇ လက္ခဏိကံ ဝိ ရဇံ၊
ဂဂနူပမ ဓိံ ဓိတိ မေရု သမံ။
ဇလဇူ ပမ သီတလ သီလယုတံ၊
ပထဝီသဟနံ ပဏမာမိ ဇိနံ။

၁၃။ ယော ဗုဒ္ဓေါ သုမတိ ဒိဝေ ဒိဝါ ကရော ဝ၊
သောဘန္တော ရတိ ဇနေန သီလာသနမှိ။
အာသိန္နော သိဝ၊ သုခ ဒံ အဒေသိ ဓမ္မံ။
ဒေဝါနံ တမသဒိသံ နမာမိ နိစ္စံ၊

၁၄။ ယော ပါဒ ပင်္ကဇ မုဒုတ္တလ ရာဇိကေဟိ၊
လောကေဟိ တီဟိ ဝိကလေဟိ နိရာ ကုလေဟိ။
သမ္ပာပုဏေ နိရုပမေယျ တမေဝ နာထော၊
တံ သဗ္ဗလောက မဟိတံ အသမံ နမာမိ။

၁၅။ ဗုဒ္ဓံ နရာနရ သမောသရဏံ ဓိတတ္တံ၊
ပညာ ပဒီပ ဇုတိယာ ဝိဟတန္ဓကာရံ။
အတ္တာဘိကာမ နရဒေဝ ဟိတာဝဟန္တံ၊
ဝန္ဒာမိ ကာရုဏိကမဂ္ဂံ မနန္တ ဉာဏံ။

၁၆။ အခိလ ဂုဏနိဓာနော ယော မုနိန္ဒောပဝန္ဒော၊
ဝနမိသိတနဝံ သညုတာနံ နိကေတံ။
တဟိ မကုသလ ဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလမတိကန္တံ ဝန္ဒနေယျံ နမာမိ။

၁၇။ သုစိ ပရိဝါရိကံ သုရုစိရပ္ပဘာဟိ ရတ္တံ၊
သိရိ ဝိသယာလယံ ဂုပိတမိန္ဒြိယေဟု ပေတံ။
ရဝိ သသိ မင်္ဂလပ္ပဘုတိ လက္ခဏောပစိတ္တံ၊
သုရနရ ပူဇိတံ သုဂတမာဒရံ နမာမိ။

၁၈။ မဂ္ဂေါဠုမွေန မုဟာပဋ္ဋိဃာသဒိ ကုလ္လောလဝီစိံ၊
သံသာဇရာဃံ တရိတ မဘယံ ပါရ ပတ္တံ ပဇမနံ။
တာဏံ လေဏံ အသမ သရဏံ ဧက တိတ္ထံ ပတိဋ္ဌံ၊
ပုညက္ခေတ္တံ ပရမ သုခ ဒံ ဓမ္မရာဇံ နမာမိ။

၁၉။ ကဏ္ဏာမ္ဗမူလေ ပရဟိတ ကရော၊
ယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သီဃံ နယန သုဘဂံ အာကုလက္ခဂ္ဂိဇာလံ။
ဒုဇ္ဇာလဒ္ဓံသံ မုနိဘိ ဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမ ရတိဇံ ဣဒ္ဓိဓမ္မေဟု ပေတံ၊

၂၀။ မုနိန္ဒက္ကော ယေဧကာ ဒယု ဒယ
ရုဏော ဥာဏ ဝိတ္ထိဏ္ဏ ဗိမ္ဗော၊
ဝိနေယျပ္ပာဏောဃံ ကမလကထိတံ ဓမ္မရံသီဝနေဟိ။
သုဗောဓေသိ သုဒ္ဓေတိ ဘဝကုဟရေ ဗျာဝိဘက္ကိတ္တိနုဋ္ဌ
တိလောကေ ကစ္စက္ခုံ ဒုခမသဟာနံ တံ မဟေသိံ နမာမိ။

၂၁။ ယော ဇိနော အနေက ဇာတိယံ
သ ပုတ္တ ဒါရမင်္ဂ ဇီဝိတမ္ပိ၊
ဗောဓိ ပေမတော အလဂ္ဂ မာနသော
အဒါသိ ယေဝ အတ္ထိကာသ။

ဒါနပါရမိံ တတော ပရံ အပ္ပုရိ သီလပါရမာဒိကမ္ပိ။
တာတမိဒ္ဓိယော ပယာတ မဂ္ဂတံ
တ မေက ဒီပင်္ကံ နမာမိ။

၂၂။ ဒေဝါ ဒေဝါ တိဒေဝံ, နိမနေဝပု ဓရံ,
မာရဘင်္ဂံ အဘင်္ဂံ၊
ဒီပံဒီပံ ပဇာနံ, ဇယဝရ သယနေ, ဗောဓိပတ္တံ ဓိပတ္တံ။
ဗြဟ္မာဗြဟ္မာဂတာနံ, ဝရဂိရကထိတံ,
ပါပဟီနံ ပဓိနံ၊
လောကာ လောကာဘိရာမံ,
သတတ မဘိနမေ, တံ မုနိန္ဒံ မုနိန္ဒံ။

၂၃။ ဗုဒ္ဓေါ နိဂြောဓ ဗိမ္ဗော မုဒု ကရ စရဏော
ဗြဟ္မာဃောသေ ဏိ ဇင်္ဃော၊
ကောသစ္ဆာ ဒင်္ဂဇာတော ပုနရပိ
သုဂတော သုပ္ပတိဋ္ဌိတ ပါဒေါ။
မုဒေါ ဒါတုဏ္ဏ လောမော အထ မပိ
သုဂတော ဗြဟ္မုဇ္ဇုဂ္ဂ ဘာဝေါ၊
နီလက္ခိ ဒီဃပဏှိ သုဖုမ မလ
ဆဝိထောမျ ရသဂ္ဂသဂ္ဂီ။

၂၄။ စတ္တာလီသဂ္ဂ ဒန္တော သမက
လပန ဇော အန္တရံ သပ္ပိဏော၊
စက္ကေနင်္ကိတ ပါဒေါ အဝိရဠ
ဒသနော မာရဇုဿခိ ပါဒေါ။

တိဋ္ဌန္တော နော နမန္တော ဘယ
ကရ မုဒ္ဒုနာ ဇုဏ္ဍုကာနာ မသန္တော၊
ဝဋ္ဋက္ကဏ္ဍော ဇိနော ဂေါ တချဏ
ပခုမကော သီဟ ပုဗ္ဗစု ကာယော။

၂၅။ သတ္တပ္ပိဏောဝ ဒီဃင်္ဂုလိမထ သုဂတော
လောမ ကူပေက လောမော၊
သမ္ပန္နောဒါတ ဒါဌော ကနက
သမတစော နီလမုဒ္ဒဂ္ဂ လောမော။
သမ္ဗုဒ္ဓေါ ထူလ ဇိဝှေါ အထ သီဟ
ဟနုကော ဇာလိကပ္ပါဒ ဟတ္ထော၊
နာထော ဥဏှိသ သီသော ဣတိ
ဂုဏ သဟိတံ တံ မဟေသိံ နမာမိ၊

၂၆။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိဒုလ္လဘာ
တဧော ကာ ကထာ ဗုဒ္ဓ ဘာဝေါ၊
လောကေ တသ္မာ ဝိဘာဝိ ဝိဝိဓ
ဟိတသုခံ သာဓဝေါ ပတ္တယန္တာ။
ဣဋ္ဌံ အတ္ထံ ဝဟန္တံ သုရ နရ
မဟိတံ နိဗ္ဗုယံ ဒက္ခိဏေယျံ၊
လောကာနံ နန္ဒိ ဝဍ္ဎံ ဒသဗလ
မသမံ တံ နမဿန္တု နိစ္စံ။

၂၇။ ပုညေနေတေန သော ဟံ နိပုဏ
မတိ သတော သမ္ပရာယေ စ တိဋ္ဌော၊

# နမက္ကာရ ပါဌ

ဒက္ခော ဒိဋ္ဌုဇ္ဇု ပညော အဝိကလ
ဝီရိယော ဘောဂဝါ သံဝိဘာဂီ။
တိက္ခော သူရော ဓိတတ္တော သ ပရ
ဟိတစရော ဒီဃဇီဝီ အရောဂေါ၊
ဓညော ဝဏ္ဏော ယသဿီ အတိဗလဝ
ဓရော ကိတ္တိမာ ခန္တုပေတော။

၂၈။ သဒ္ဓေါ ဒါတင်္ဂုပေတော ပရမ
သိရီ ဒယော ဒိဋ္ဌဓမ္မေ ဝိရတ္တော၊
လဇ္ဇီ ကလျာဏ မိတ္တော အဘိရတ
ကုသလော ပဉ္စသီလာ ဘိရက္ခော။
အပ္ပိစ္ဆော အပ္ပ ကောဓော အတိဝုဍ္ဎု
ဟာဒယော ဣဒ္ဓိမာ အပ္ပမေယျော၊
ပါသံသော ပေမ ဝါစော သုဇန ဂုဏ ဝိဒူ
မာမကော သော ဘဝေယျံ။

၂၉။ ဣတ္ထံ အ သင်္ခယေ နာထ၊
ဂုဏေ လက္ခဏ ဒီပိတေ။
ဂါထာသု ဘုစကာသွေကာ၊
ဂါထမ္ပိ ကရတေ ဗုဓော။

၃၀။ စတုရာပါယ မုတ္တော သော၊
သာမကေတ္တ ဒွယဿ စ။
ဟာတောပဒ္ဒဝ ဇာလော စ၊
လာဘီ ဟိတ သုခဿ စ။

၃၁။ အဓိပေါ နရ ဒေဝါနံ၊
စတု ဒီပိဿရော ပိ ဝါ။
ဘာဒဝယျ အန္တိမေ ဒေဟော၊
မာရညုံ သော၊တဆတ္တကံ။

၃၂။ ဘာဝနာ ယာနမာရုယှ၊
သမေဿတိ သုဗ္ဗတော။
ဣမသ္မိံ အတ္တဘာဝေပိ၊
အ ရောဂေါ ဒီဃဇီဝိကော။

၃၃။ ပူဇိတော သဗ္ဗလောကေဟိ၊
ဘာဝနာဘိရတီ မနော။
ဇနပ္ပိယော မနာပေါ စ၊
ကာ ကထာ ခိလဓာရဏော။

နမက္ကာရ ပါဠ် ပြီး၏။

# နမက္ကာရအနက်

၁။ သုဂတံ၊ကောင်းသော စကားကိုလည်း ဆိုတော်မူတတ်ထသော။ သုဂတံ၊ ကောင်းသောနိဗ္ဗာန်သို့လည်း ကြွသွားတော်မူတတ်ထသော။ သေဋ္ဌံ၊အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော။ ကုသလံ့ ကုသလံ၊ ကုသိုလ်,အကုသိုလ်ကို။ဇဟံ၊စွန့်တော်မူပြီးထသော။ အမတံ၊ သေခြင်းလည်း ကင်းတော်မူထသော။ အမတံ၊ အမြိုက်အရသာနှင့်လည်း ပြည့်စုံတော် မူပြီးထသော။ သန္တံ၊ ငြိမ်သက်စွာ ထသော။ အ သမံ၊ အတုလည်းမရှိထသော။ အသမံ၊အတုမရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို။ ဒဒံ၊ ပေးတော်မူတတ်ထသော။ သရဏံ၊ ကိုးကွယ်ရာလည်း ဖြစ်တော် မူထသော။ လောကံ၊လောကကို။သရဏံ၊သိတော်မူတတ်ထသော။ အရဏံ၊ ကိလေသာတည်းဟူသော မြူလည်းကင်းစင်တော်မူပြီ ထသော။ အရဏံ. ကိလေသာ မြူ၏ ကင်းခြင်းကို။ ကရံ၊ပြုတော်မူတတ်ထသော။ အဘယံ၊ဘေးမရှိသော။ ဌာနံ၊ နိဗ္ဗာန်အရပ်သို့။ နာယကံ၊ ပို့ဆောင်တော် မူတတ်ထသော။ နာယကံ၊ လူသုံးဦးတို့၏ အမှူးဖြစ်တော်မူသော မြတ်စွာဘုရားကို။အဟံ အကျွန်ုပ်သည်။ နမေ-နမာမိ၊ ရှိခိုးပါ၏။

၂။ နယန သုဘဂ ကာယင်္ဂံ၊မျက်စိအားတင့်တယ်စွာသော ကိုယ်တော်၏အစိတ်လည်း ရှိတော်မူထသော။ မဓုရဝရသရောပေတံ၊ သာယာစွာသော မြတ်သော အသံတော်နှင့်လည်း ပြည့်စုံတော်မူထသော။ အမိတဂုဏဂဏာဓာရံ၊ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အပေါင်း၏ တည်ရာလည်း ဖြစ်တော်မူထသော။

အတုလံ၊ သီလအစရှိသော ဂုဏ်တို့ကြောင့် တစုံတယောက်သော သူနှင့်တူတော်မမူထသော၊ ဒသဗလံ၊ဆယ်ပါးသော အားတော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

၃။ ဓိတိမာ၊ တည်ကြည်သော သမာဓိလည်းရှိတော်မူထသော။ အညဓာရကော၊ အရဟတ္တဖိုလ်ကိုလည်း ဆောင်တော်မူတတ်ထသော။ ယောဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရားသည်၊ လောကတော၊ လူသုံးပါးကြောင့်။ သံသာရေ၊ သံသရာ၌။ ကာယိကံ၊ ကိုယ်တော်ကို အမှီပြု၍ဖြစ်သော။ဒုက္ခဥ၊ ဆင်းရဲကိုငင်း၊ အနုဘောသိ၊အစဉ် ခံစားတော်မူလေပြီ။ နရဒေဝ မင်္ဂလံ၊ လူနတ်တို့၏ မင်္ဂလာဖြစ်တော်မူသော။ တံ ဗုဒ္ဓံ၊ထိုမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၄။ ဗာတ္တိံသတိ လက္ခဏ စိတြဒေဟံ။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ဖြင့် ဆန်းကြယ်သော ကိုယ်တော်လည်း ရှိတော်မူထသော။ ဒေဟာဇုတိနိဂ္ဂတပဇ္ဇလန္တံ၊ ကိုယ်တော်မှ ထွက်သော အရောင်တို့ဖြင့် ပြောင်ပြောင်ထွန်းတောက်ပတော်မူထသော။ ပညာဓိတိ သီလဂုဏော ဃဝိန္ဒံ၊ ပညာဂုဏ်, သမာဓိဂုဏ်, သီလဂုဏ် အပေါင်းကိုလည်း ရတော်မူပြီးထသော။ အန္တိမ ဇာတိယုတ္တံ၊ အဆုံးစွန်သောဘဝနှင့်လည်း ယှဉ်တော်မူပြီးထသော။ မုနိံ၊ မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

၅။ ပါတောဒယံ၊ နံနက်အခါ၌ တက်လတ်သော။ ဗာလဒိဝါကရံဝ၊ တက်သစ်သော နေလုလင်ကဲ့သို့။ ယတီနံ၊ ရဟန်း

တို့၏။ မဇ္ဈေ၊ အလယ်၌။ သိရီဟိ၊ ကျက်သရေတို့ဖြင့်။ လလိတံ၊ တင့်တယ်တော်မူထသော။ ပုဏ္ဏိန္ဒုသင်္ကာသမုခံ၊ လပြည့်ဝန်းနှင့် တူသော မျက်နှာတော်လည်း ရှိတော်မူထသော။ အနေဇံ၊ တဏှာလည်းကင်းစင်တော်မူပြီးထသော။ သဗ္ဗညုံ၊ ခပ်သိမ်းသော ဉေယျဓမ်တရား ငါးပါးကိုလည်း သိတော်မူပြီးထသော။ မုနိန္ဒံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၆။ ဥပေတပုညော၊ ပြည့်စုံသော ဘုန်းတော်လည်းရှိတော်မူသော။ ယော သုဂတော၊ အကြင် မြတ်စွာဘုရားသည်။ ဝရဗောဓိမူလေ၊ မြတ်သော ဗောဓိပင်၏ အနီး၌။ သသေနမာရံ၊ စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်နတ်သားကို။ ဇိနိတွာ၊ အောင်တော်မူပြီး၍။ အရုဏောဒယမှိ၊ နေအရုဏ်တက်သော အခါ၌။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို။ အဗုဇ္ဈိ၊ သိတော်မူပြီ။ မာရဇိနံ၊ မာရ်ငါးပါးကို အောင်တော်မူပြီးထသော။ အဘင်္ဂံ၊ မာရ်စစ်သည်တို့သည် မဖျက်ဆီးနိုင်ထသော။ တံ သုဂတံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၇။ ရာဂါဒိဆေဒါမလဉာဏခဂ္ဂံ၊ ရာဂစသောကိလေသာတို့ကို ဖြတ်တတ်သော အညစ် အကြေးကင်းသော အရဟတ္တမဂ်ဉာဏ် သန်လျက်လည်း ရှိတော်မူထသော။ သတိသမညာဖလကာဘိဂါဟံ၊ သမ္မာသတိ အမည်ရှိသော ကာ·ကိုလည်း မြဲစွာ ကိုင်စွဲတော်မူထသော။ သီလောဃလင်္ကာရဝိဘူသိတံ၊ သီလအပေါင်းတည်း ဟူသော ချပ်တန်းဆာတို့ဖြင့် တန်းဆာဆင်တော်မူပြီးထသော။ အဘိညာဝရမိဒ္ဓုပေတံ၊ အဘိညာဉ်

တည်းဟူသော တန်ခိုးနှင့်လည်း ပြည့်စုံတော်မူပြီးထသော။ တံဗုဒ္ဓံ၊ထိုမြတ်စွာဘုရားကို၊အဟံ၊အကျွန်ုပ်သည်၊နမာမိ၊ရှိခိုးပါ၏။

ဂ။ ဒယာလယံ၊မဟာကရုဏာ၏ တည်ရာ ဖြစ်တော် မူထသော။ သဗ္ဗမိ၊ ခပ်သိမ်းသော ကိုယ်တော်၏ အဖြစ်၌။ ဒုက္ကရံ၊ ပြုနိုင်ခဲသော စွန့်ခြင်းကြီးငါးပါး အစရှိသောအမှုကို။ ကရံ၊ ပြုတော်မူတတ်ထသော။ ဘဝဏ္ဏဝါတိက္ကမံ၊ ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ လွန်မြောက်တော်မူပြီးထသော။အဂ္ဂတံ၊ မြတ်သောအဖြစ်သို့။ ဂတံ၊ရောက်တော်မူပြီးထသော။ တိလောကနာထံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော် မူထသော။ သုသမာဟိတံ၊ကောင်းစွာတည်ကြည်သောသမာဓိလည်းရှိတော်မူထသော။ ဟိတံ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကိုလည်း ဆောင်တော်မူတတ်ထသော။သမန္တစက္ခုံ၊ထက်ဝန်းကျင်မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ်လည်း ရှိတော်မူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ သည်။ ပဏာမာမိ၊ရှိခိုးပါ၏။

ဇ။ တဟိံ တဟိံ ဘဝေ၊ထိုထိုသောကိုယ်တော်၏အဖြစ်၌။ ပါရမိသဥ္စယံ၊ ပါရမီအပေါင်းကို။ စယံ ဆည်းပူးတော် မူတတ်ထသော။သုခပဒံ ချမ်းသာခြင်း၏အဘို့ကိုဖြစ်စေတတ်ထသော။ ပဒံ၊နိဗ္ဗာန်သို့။ဂတံ၊ ရောက်တော်မူပြီးထသော။ နရာနရာနံ၊ လူနတ်တို့၏။သုခသမ္ဘဝံ၊ ချမ်းသာခြင်း၏အကြောင်းကို။ဘဝံ ၊ဖြစ်စေတော်မူတတ်ထသော။အ နမာနံ၊မရိုညွတ်သော။ ဂဝံ၊နွားနှင့်တူသောသူမိုက်ကို။ ဇိနပုင်္ဂဝံ၊ အောင်တော်မူသောယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ နမေ-နမာမိ ရှိခိုးပါ၏။

၁၀။ ဤဟာဖိယံ၊ဝီရိယတည်းဟူသော တက်မကို။ ဥာဏက ရေန၊ ဥာဏ်တော်ဘည်းဟူသော လက်တော်ဖြင့်။ ဂါဟကော၊ ကိုင်စွဲတော်မူသော။ ယောမုနိဒက္ခနာဝိကော၊ အကြင်မြတ်စွာ ဘုရားတည်းဟူသော သိမ္မာလှစွာသော သင်္ဘောလှေမှူးသည်။ မဂ္ဂင်္ဂနာဝံ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော သင်္ဘောလှေထက်သို့။ အာရုယှ၊ တက်စီးတော်မူပြီး၍။ တာယ၊ ထိုမဂ္ဂင်ရှစ်ပါးတည်း ဟူသော သင်္ဘောလှေဖြင့်။ ဗဟူ၊ များစွာကုန်သော သတ္တဝါ တို့ကို။ ဘဝဏ္ဏဝါ၊ ဘဝတပါးတည်းဟူသော မဟာသမုဒ္ဒရာမှ။ တာရေသိ၊ ကယ်တင်တော်မူလေပြီ။ အဃပ္ပဟံ၊ သတ္တဝါတို့၏ ဆင်းရဲခြင်းကို ပယ်တော်မူဘတ်ထသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး ကိုသိတော်မူတတ်ထသော။ တံမုနိဒက္ခနာဝိကံ၊ ထိုမြတ်စွာဘုရား တည်းဟူသော သင်္ဘောလှေမှူးကို။ အဟံ၊ အကျွန်ုပ်သည်။ နမေ နမာမိ၊ ရှိခိုးပါ၏။

၁၁။ သမတိံသတိပါရမိ သမ္ဘရဏံ၊ အမျှ သုံးဆယ်သော ပါရမီကို ဖြည့်တော်မူပြီးထသော။ ဝရဗောဓိဒုမေ၊ မြတ်သော ဗောဓိပင်၏အနီး၌။စတုသစ္စဒသံ၊သစ္စာလေးပါးကို သိမြင်တော် မူပြီးထသော။ ဝရမိဒ္ဓိဂတံ၊ မြတ်သော တန်ခိုးသို့လည်း ရောက် တော်မူပြီးထသော။နရဒေဝဟိတံ၊လူနတ်တို့၏ အစီးအပွားကို။ လည်း ဆောင်တော် မူတတ်ထသော။ ဇိနံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ပဏမာမိ၊ ရှိခိုးပါ၏။

၁၂။ သတ ပုညဇ လက္ခဏိကံ၊များစွာသော ဘုန်းကြောင့် ဖြစ်သော လက္ခဏာတော်လည်းရှိတော်မူထသော။ ဝိရဇံ၊ ရာဂ ဟူသော မြူလည်း ကင်းစင်တော်မူပြီးထသော။ ဂ ဂနူပမာဓိံ၊

ကောင်းကင်နှင့်တူသော ပညာတော်လည်း ရှိတော်မူထသော၊ မိတိမေရှသမံ၊ မြင့်မိုရ်တောင်မင်းနှင့်တူသော မတုန်မလှုပ်သော သမာဓိလည်းရှိတော်မူထသော။ ဇလဇူပမသီဘလ သီလယုတံ၊ ကြာနှင့်တူသော ချမ်းမြေ့စွာသော သီတင်းနှင့်လည်း ယှဉ်ထသော။ ပထဝီသဟနံ၊ မြေကြီးနှင့်တူသော သည်းခံသော နှလုံးတော်လည်း ရှိတော်မူထသော။ ဇိနံ၊ မြတ်စွာဘုရားကို။အဟံ၊ အကျွန်ုပ်သည်။ ပဏမာမိ၊ ရှိခိုးပါ၏။

၁၃။ သုမတိ၊ ကောင်းသော ပညာတော်လည်း ရှိတော်မူသော။ ယောဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ ဒိဝေ၊နေ့၌။ ဒိဝါကရောဝ၊ နေမင်းကဲ့သို့။ သောဘန္တော၊ တင့်တယ်တော်မူသည်ဖြစ်၍။ ရတိဇနနံ၊မွေ့လျော်ခြင်းကို ဖြစ်စေဘတ်သော။ သိလာသနမှိ၊ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌။အာသိန္နော၊နေတော်မူလျက်။ သိဝသုခဒံ၊နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်သော။ ဓမ္မံ၊အဘိဓမ္မာ တရားတော်ကို။ဒေဝါနံ၊ တာဝတိံသာ နတ်တို့အား။အဒေသိ၊ ဝါတွင်းသုံးလပတ်လုံး ဟောတော်မူလေပြီ။အသဒိသံ၊တုဘက်လည်း ကင်းတော်မူသော။ တံ ဗုဒ္ဓံ၊ထိုမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။နိစ္စံ၊အမြဲ။နမာမိ၊ရှိခိုးပါ၏။

၁၄။ ယောနာထော၊အကြင်မြတ်စွာဘုရားသည်။အဝိကလေဟိ၊ မချို့တဲ့ကုန်သော။နီရာကုလေဟိ၊နှောင့်ရှက်ခြင်းကင်းကုန်သော။ ပါဒက္ခိဇ မုဒုတ္တုလ ရာဇိကေဟိ၊ခြေတော်တည်းဟူသော ကြာ၏နူးညံ့သောအပြင်၌ တရာ့ရှစ်ကွက် စက်လက္ခဏာတော်တည်းဟူသောအရေးတို့ဖြင့်။တီဟိလောကေဟိ သုံးဘုံသူတို့နှင့်။ နိရုပမေယျတံ၊ မနှိုင်းယှဉ်အပ်သည်၏အဖြစ်သို့။ သမ္ပာပုဏောဝေ၊

ကောင်းစွာရောက်တော်မူသည် သာလျှင်တည်း။ သဗ္ဗလောက မဟိတံ၊ ခပ်သိမ်းသောလောကသည် ပူဇော်အပ်သော။ အသမံ၊ အတုမရှိထသော။ တံ နာထံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၁၅။ နရာနရသမောသရဏံ၊ လူနတ်တို့၏ စုဝေးရာဖြစ်တော်မူထသော။ ဓိတတ္တံ၊ တည်ကြည်သော စိတ်တော်လည်း ရှိတော်မူထသော။ ပညာပဒီပ ဇုတိယာ၊ ပညာတော်တည်းဟူသော ဆီမီးအရောင်ဖြင့်။ ဝိဟာတန္ဓကာရံ၊ ဖျောက်အပ်ပြီးသော အဝိဇ္ဇာတည်းဟူသော မှောင်လည်း ရှိတော်မူထသော။ အတ္တာဘိကာမံ၊လူနတ်တို့၏အကျိုးစီးပွားကိုအလွန်အလိုရှိတော်မူထသော။ နရဒေဝဟိတာဝဟံ၊ လူနတ်တို့၏ အကျိုးစီးပွားကိုလည်း ရွက်ဆောင်တော်မူတတ်ထသော။ ကာရုဏိကံ၊ ကြီးမြတ်သော မဟာကရုဏာတော်နှင့် ယှဉ်ထသော။ အဂ္ဂံ၊ မြတ်ထသော။ အနန္တဉာဏံ၊ အဆုံးမရှိသောဉာဏ်လည်း ရှိတော်မူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၁၆။ အခိလဂုဏာ နိဓာနော၊ ခပ်သိမ်းသော လောကီ လောကုတ္တရာဂုဏ်တို့၏ သိုမှီးရာလည်း ဖြစ် တော် မူ သော ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သဒ္ဓါတနံ၊ ကိုယ်နှုတ်နှလုံးကို စောင့်ကုန်သော အရှင်မြတ်တို့၏။ နိကေ တံ၊ ကိန်းအောင်းမွေ့လျော်ရာ အစစ်ဖြစ်သော။ ဣသိပတနဝှံ၊ ဣသိပတန အမည်ရှိသော။ ဝနံ၊ မိဂဒါဝုန်တောသို့။ဥပဂန္တွာ၊ ကြွတော်မူ၍။ တဟိံ၊ ထိုမိဂဒါဝုန်တော၌။ အကုသလဆေဒံ၊

အကုသိုလ်ကိုဖြတ်တတ်သော။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားတော်ကို၊ ပဝတ္တေသာ၊ ဟောတော်မူလေပြီ။ အတုလံ၊ အတုမရှိထသော။ အဘိက္ကန္တံ၊ အလွန်နှစ်လိုဘွယ်သောဂုဏ်လည်းရှိတော်မူထသော။ ဝန္ဒနေယျံ၊ ရှိခိုးခြင်းကို ခံတော်မူထိုက်ထသော။ တံ မုနိန္ဒံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၁၇။ သုစိပရိဝါရိတံ၊ သန့်ရှင်းစင်ကြယ်သော အခြံအရံလည်း ရှိတော်မူထသော။ သုရုစိရပ္ပဘာဟိ၊ ပြိုးပြိုးပြက် နှစ်သက်ဖွယ်သောအရောင်တို့ဖြင့်။ ရတ္တံ၊ ဆိုးအပ်သောကိုယ်တော်လည်းရှိထသော။ သိရိ ဝိသယာလယံ၊ ဘုန်းပညာ ကျက်သရေအပေါင်းတို့၏ တည်ရာလည်းဖြစ်တော်မူထသော။ ဂုပိတမိန္ဒြိယေဟိ၊ စောင့်ရှောက်အပ်သော စက္ခုအစရှိသော ဣန္ဒြေတို့နှင့်။ ဥပေတံ၊ ပြည့်စုံတော်မူသော။ ရဝိသသိမဏ္ဍလပ္ပဘုတိ လက္ခဏောပစိတ္တံ၊ နေဝန်း, လဝန်း အစရှိသော စက်လက္ခဏာတော်တို့ဖြင့် များစွာ ဆန်းကြယ်ခြင်း ရှိတော်မူထသော။ သုရနရပူဇိတံ၊ နတ်လူတို့သည် ပူဇော်အပ်တော်မူထသော။ သုဂတံ၊ မြတ်စွာဘုရားကို။ အာဒရံ၊ ရိုသေစွာ။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၁၈။ ယောဓမ္မရာဇာ၊ အကြင် တရားမင်း ဘုရားသည်။ မုဟ ပင္ခိုဃာတာဒိ ကုလ္လောလဝီစိံ၊ မောဟ, ပဋိဃာတ်, လောဘ, အစရှိသော လောက်လက် လျပ်ပေါ်သော ကြီးစွာသော လှိုင်းတံပိုးတို့ဖြင့် ပြွမ်းထသော။ သံသာရောဃံ၊ သံသရာတည်းဟူသော ပင်လယ်ရေအယဉ်ကို။ မဂ္ဂေါဠုမ္ဗေန။ မဂ္ဂင်ရှစ်ပါးတည်းဟူသော သဘော်ဖောင်ဖြင့်။ တရိ၊ ကူးတော်မူ

လေပြီ။ အဘယံ၊ ဘေးလည်းမရှိထသော။ ပါရပတ္တံ၊ နိဗ္ဗာန် တည်းဟူသောကမ်းတဖက်သို့ရောက်တော်မူပြီးထသော။ပဇာနံ၊ သတ္တဝါတို့၏။ တာဏံ၊ ကိုးကွယ်ရာလည်း ဖြစ်တော်မူထသော။ လေဏံ၊ပုန်းအောင်းရာလည်းဖြစ်တော်မူထသော။ အသမသရဏံ အတုမရှိလည်းလျှောင်းရာလည်းဖြစ်တော်မူထသော။ ကေတိတ္တံ၊ နိဗ္ဗာန်ပြည်သို့ ကူးတို့ကူးခတ် မြတ်သော ရေဆိပ် သဘွယ် ဖြစ်တော်မူထသော။ ပတိဋ္ဌံ၊ မှီခိုရာကျွန်းနှင့်လည်း တူတော် မူထသော။ ပုညကေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ် ဖြစ်တော်မူထသော။ ပရမ သုခဒံ၊ မြတ်သော နိဗ္ဗာန်ချမ်းသာကိုလည်း ပေးတော်မူတတ် သော။ တံဓမ္မရာဇံ၊ ထိုတရားမင်းဘုရားကို။ အဟံ၊ အကျွန်ုပ် သည်။ နမာမိ၊ ရှိခိုးပါ၏။

၁၉။ ပရဟိတကရော၊ သူတပါး၏ အစီးအပွားကိုလည်း ရွက်ဆောင်တော်မူတတ် ထသော။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဏ္ဍမ္ဗမူလေ၊ကဏ္ဍအမည်ရှိသော ဥယျာဉ် စောင့်သည် စိုက်အပ်သော သရက်ဖြူပင်၏ အနီး၌။ နိသိန္နော၊ နေတော်မူလျက်၊ အစ္ဆေရံ၊ အံ့ဘွယ်စွာထသော။ နယနသုဘဂံ၊ လူနတ်တို့၏မျက်စိအား တင့်တယ်စွာထသော။ အာကုလဏ္ဍဂ္ဂိ ဇာလံ၊ ရောယှက်သော ရေအယဉ် မီးအလျှံ ရှိထသော။ ဒုဇ္ဇာ လဒ္ဓံ၊မိစ္ဆာတည်းဟူသော ကွန်ရက်ကိုဖျက်ဆီးတတ်သောအလေ့ ရှိတော်မူထသော။မုနီဘိ၊ ဘုရားရှင်တို့သည်။ အ-ဇဟိတံ၊ မစွန့် အပ်ထသော။ပါဋိဟီရံ၊ ရေ,မီး အစုံ အစုံ အစရှိသော တန်ခိုး ပြာဋိဟာကို။ သီဃံ၊ လျင်စွာ။ အကာသိ၊ ပြုတော်မူလေပြီ။

သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်စွာထသော။ ပရမ ရတိဇံ၊ မြတ်သော နှစ်လိုခြင်းကို ဖြစ်စေတတ်ထသော။ ဣဒ္ဓိမေမွေဟိ၊ တန်ခိုး ကျေးဇူးတို့နှင့်။ ဥပေတံ။ ပြည့်စုံတော်မူပြီးထသော၊ တံမုနိန္ဒံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၂၀။ ဒယာဒယာ ရဉာဏ၊ မဟာကရုဏာ သမာပတ်တည်းဟူသော တက်လတ်သော နေ အရုဏ် လည်း ရှိထသော။ ဉာဏဝိတ္ထိဏ္ဏဗိမ္ဗော ဉာဏ်တော်တည်းဟူသော ကျယ်စွာသော အဝန်းလည်းရှိတော်မူထသော။ ကော၊ တုဘက်ကင်းပျောက် တယောက်တည်းသာ ဖြစ်တော်မူထသော။ ယောမုနိန္ဒက္ကော၊ အကြင် မြတ်စွာဘုရားတည်းဟူသော နေမင်းသည်။ ကမလ ကထိတံ၊ ကြာဟူ၍ဆိုအပ်သော။ ဝိနေယျပ္ပါဏသံ၊ ဝေနေယျ သတ္တဝါအပေါင်းကို။ ဓမ္မရံသိဝရေဟိ၊ မြတ်သောတရားတည်းဟူသော ရောင်ခြည်တို့ဖြင့်။ သုဗောဓေသိ၊ သစ္စာလေးပါးကို သိစေသောအားဖြင့် ပွင့်ခြင်းသို့ရောက်စေတော်မူပြီ။ သုဒ္ဓေ၊ စင်ကြယ်စွာသော။ တိဘဝကုဟရေ၊ လောကသုံးပါးအတွင်း၌၊ ဗျာပိတကိတ္တိ နဒ္ဓ၊ အဆုံးမရှိ နှံ့သော ကျော်စောခြင်းရှိတော်မူ ထသော။ တိလောလေကစက္ခုံ၊ ဘုံသုံးပါးတို့၏ အထွတ်အမြတ် ဖြစ်သော မျက်စိဖြစ်တော်မူထသော။ ဒုခမ သဟနံ၊ သူတပါး တို့သည်သည်းခံနိုင်ခဲသောအမှုကိုသည်းခံခြင်း ရှိတော်မူထသော မဟေသိံ၊ သီလက္ခန္ဓ,စသည် ကျေးဇူး, ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူပြီးထသော။ တံမုနိန္ဒက္ကံ၊ ထိုမြတ်စွာဘုရားတည်း ဟူသော နေမင်းကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၂၁။ ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်။ ဗောဓိ ပေမတော၊ သဗ္ဗညုတ ဉာဏ်ကို ချစ်တော် မူခြင်းကြောင့်။ အလဂ္ဂမာနသော၊ ငြိတွယ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ အနေကဇာတိယံ၊ များစွာသော ကိုယ်တော်၏အဖြစ်၌။ သပုတ္တ ဒါရံ၊ သားမယားနှင့် တကွဖြစ်သော အင်္ဂဇီဝိတမ္ပိ၊ အင်္ဂါ ကြီးငယ် အသက်ကို စင်လျက်လည်း။ အတ္ထိကာသ၊ အလိုရှိသော သူအား။ အဒါသိယေဝ၊ ပေးလှူတော်မူသည် သာလျှင်တည်း။ ဒါနပါရမိံ၊ ဒါနပါရမီကိုရင်း။ တတော၊ ထိုဒါနပါရမီမှ။ ပရံ၊ တပါးသော။ သီလပါရမာဒိကမ္ပိ၊ သီလပါရမီစသော ကိုးပါး သော ပါရမီကိုရင်း။ အပူရိ၊ ဖြည့်တော်မူလေပြီ။ တာသံ၊ ထို ဆယ်ပါးသော ပါရမီတော်တို့၏။ဣဒ္ဓိယာ၊ ပြည့်စုံခြင်းကြောင့်။ အဂ္ဂတံ၊ မြတ်သောအဖြစ်သို့။ ဥပယာတံ၊ ရောက်တော်မူပြီးထ သော။ ဧကေ ဒီပကံ၊ လူနတ်တို့၏ ကိုးကွယ် မှီခိုရာမြတ်သော ကိုင်းကျွန်းသဘွယ်လည်း ဖြစ်တော်မူထသော။ တံဇိနံ၊ ထို မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၂၂။ ဒေဝါ ဒေဝါတိ ဒေဝံ၊ သမ္မုတိနတ်,ဥပပတ္တိနတ်တို့ ထက် လွန်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူထသော။ နိမနုဝပုမရုံ၊ အဆုံးစွန်သော ကိုယ်တော်ကိုလည်း ဆောင်တော် မူထသော။ အဘင်္ဂံ၊ မာရ်စစ်သည်တို့သည် ဖျက်ဆီးခြင်းငှာ မတတ်နိုင် ထသော။ ပဇာနံ၊ သတ္တဝါတို့၏။ ဒီပံ၊ ပညာတည်းဟူသော ဆီမီး တန်ဆောင်ကို၊ ဒီပံ၊ပြောင်ပြောင်တောက်အောင် ထွန်းညှိ တော် မူပြီးထသော။ ဇယဝရသယနေ၊ မာရ်ငါးပါးကို အောင် မြင်တော်မူ၍ မြတ်သော ဗောဓိပင်နေရာ၌။ဗောဓိပတ္တံ၊ သဗ္ဗညု

တဉာဏ်သို့ ရောက်တော်မူပြီးထသော။ အခိပတ္တံ၊ အရဟတ္တဖိုလ်သို့ ပို့တော်မူထသော။ ဗြဟ္မာဗြဟ္မာဂဏနံ၊ ဆည်းကပ်ရောက်လာကုန်သော ဗြဟ္မာလူနတ် ပရိသတ်တို့အား။ ဝရဂိရကထိတံ၊ မြတ်သောတရားစကားကို ဟောတော်မူတတ်ထသော။ ပါပဟီနံ ပဟီနံ၊ ညစ်ညမ်းယုတ်မာ ကိလေသာကို ပယ်ခွာတော်မူပြီးထသော။ လောကာ လောကာဘိရာမံ၊ လူ နတ်ဗြဟ္မာသတ္တဝါတို့၏ မွေ့လျော်ရာ ဖြစ်တော်မူထသော။ မုနိန္ဒံ၊ ရဟန်းတကာတို့ကို အစိုးရတော်မူထသော။ တံမုနိန္ဒံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သသတံ၊ မချွတ်။ အဘိ နမေ-အဘိနမာမိ၊ ရှိသေစွာရှိခိုးပါ၏။

၂၃။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ နိဂြောဓဗိမ္ဗော၊ အရပ်နှင့်အလံမျှသဖြင့် ပညောင်ပင်၏ အဝန်းကဲ့သို့ ဝန်းသောကိုယ်တော်လည်း ရှိတော်မူ၏။ မုဒုကရစရဏော အကြိမ်တရာ ဖတ်အပ်သော ဝါဂွမ်းအလွှာကဲ့သို့ နူးညံ့သော လက်ဖဝါးတော်, ခြေဖဝါးတော်လည်း ရှိတော်မူ၏။ ဗြဟ္မဃောသော၊ ဗြဟ္မာမင်း၏အသံထက် လွန်ကဲစွာ သာယာသော အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံသော အသံတော်လည်း ရှိတော်မူ၏။ ဧဏိဇင်္ဃော၊ ဧဏိမည်သောသား၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းတော်လည်း ရှိတော်မူ၏။ ကောသစ္ဆာ ဒင်္ဂဇာတော၊ ရွှေပဒုမ္မာကြာချပ်နှင့်တူသော အအိမ်ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ကျစ်လစ်လှစွာသော ယောကျ်ားမြတ်၏ နိမိတ်တော်လည်း ရှိတော်မူ၏။ ပုနရပိ၊ တဖန်လည်း။ သုဂတော၊ မြတ်စွာဘုရားသည်။ သုပ္ပတိဋ္ဌိတပါဒေါ၊ ရွှေခြေနင်းအပြင်ကဲ့သို့ညီညွတ်စွာတည်သော

ခြေဖဝါးတော်လည်း ရှိတော်မူ၏။ မုဒေါဒါတုဏ္ဏလောမေ၊ မျက်မှောင်နှစ်ခုတို့၏ အလယ်၌နူးညံ့ ဖြူစင်သော ဥဏ္ဏာလုံမွေးရှင် တော်လည်းရှိတော်မူ၏။အထမပိ၊ ထိုမှတပါးလည်း။ သုဂတော၊ ကောင်းသောနိဗ္ဗာန်သို့ကြွသွားတော်မူတတ်သောမြတ်စွာဘုရား သည်၊ ဗြဟ္မုဇုဂတ္တဘာဝေ၊ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ဖြောင့်မတ် သော ကိုယ်တော်လည်းရှိတော်မူ၏။ နီလက္ခိ၊ ညိုသော မျက်လုံး တော်လည်းရှိတော်မူ၏။ သုခုမ မလဆဝိ၊ သိမ်မွေ့ လှစွာသော အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်သော အရေတော်လည်း ရှိတော်မူ၏။ ထောမျရသဂ္ဂသဂ္ဂီ၊ အနည်းငယ်သော အရသာကို သော်လည်း ဆောင်ယူခြင်းငှါစွမ်းနိုင်သော ခုနစ်ထောင်သော ချီးမွမ်းအပ်မြတ်သော အကြောတော်တို့၏ အဖျားလည်းစုဝေး လျက် ရှိတော်မူ၏။

၂၄။ သောဇိနေ၊ ထိုမြတ်စွာဘုရားသည်။ စတ္တာလီသဂ္ဂ ဒန္တေ၊ လေးဆယ်စေ့ထ မွန်မြတ်လှသော သွားတော်လည်း ရှိတော်မူ၏။ သမက လပနဇော၊ လွှနှင့်ဖြတ်သကဲ့သို့ ညီညွတ်စွာ သော၊သွားတော်လည်း ရှိတော်မူ၏။ အန္တရံ သပ္ပပီဏော၊ ရေ စီးကြောင်းမထင် ပြည့်ဖြိုးစင်သောကျောက်တော်လည်းရှိတော် မူ၏။ စက္ကေနင်္ကိတပါဒေါ၊ စက်ဖြင့် မှတ်အပ်သော မြတ်သော ခြေဖဝါးတော်လည်းရှိတော်မူ၏။ အဝိရဠ ဒသနေ၊မကျဲသော သွားတော်လည်းရှိတော်မူ၏။ မာရဇိ၊ မာရ်ငါးပါးကို အောင် တော်မူပြီးသော မြတ်စွာဘုရားသည်။ ဥဿင်္ခပါဒေါ၊ မြူမတင် သင့်မြတ်သော ဖမျက်တော်လည်းရှိတော်မူ၏။ တိဋ္ဌန္တေ၊ ရပ် တော်မူလျက်။ နော-နမန္တော၊ မကိုင်းညွတ်ဘဲ။ ဥဘယကရမုဒု

နှာ၊ သိမ်မွေ့ နူးညံ့စွာသော လက်တော်နှစ်ဘက်ဖြင့်။ ဇဏ္ဏု ကာနိ၊ ပုဆစ်ဒူးတော်နှစ်ဘက်ဘို့ကို။ အာမသန္တော သုံးသပ်တော်မူနိုင်၏။ ဝဋ္ဋကဏ္ဍော၊ ရွှေမှုရိုးစည်ငယ် သဏ္ဌာန်ကဲ့သို့ လုံးသောလည်တော်လည်း ရှိတော်မူ၏။ ဂေါတရုဏပခုမကော၊ ထိုခဏဖွားသော နွားငယ်၏ မျက်မွေးနှင့်အတူ သိမ်မွေ့နုပျို ညိုသောမျက်မွေးတော်လည်း ရှိတော်မူ၏။ သီဟပုဗ္ဗဍ္ဎကာယော၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်နှင့်အတူ ပြည့်ဖြိုး စွာသော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၅။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည်။ သတ္တုပိဏ္ဍော၊ ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသောအသားတော်လည်း ရှိတော်မူ၏။ ဒီဃင်္ဂုလိ၊ ရှည်သော လက်ချောင်း ခြေချောင်းတော်လည်း ရှိတော်မူ၏။ အထ၊ ထိုမှတပါး။ လာမကူပေကလောမော၊ တခု တခုသော မွေးတွင်းတော်၌ တချောင်း တချောင်းစီသာ ရောက်သော မွေးညှင်းတော်လည်း ရှိတော်မူ၏။ သမ္ပန္နောဒါတဒါဌော၊ ပြည့်ဖြိုး ဖြူစင်စွာသော စွယ်တော်လည်း ရှိတော်မူ၏။ ကနကံသမတ္တစော၊ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့သော အရေတော်လည်း ရှိတော်မူ၏။ နီလမုဒ္ဒဂ္ဂလောမော၊ မျက်နှာတော်ကို မျှော်ဘိသကဲ့သို့ အထက်သို့တက်သော လကျ်ာရစ်လည်၍တည်သော အလွန်ညိုသော မွေးညှင်းတော်လည်း ရှိတော်မူ၏။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ထူလဇိဝှော၊ ကြီးပြန့်သော လျှာတော်လည်းရှိတော်မူ၏။ အထ၊ ထိုမှတပါး။ သီဟ ဟနုကော၊ ခြင်္သေ့မင်း၏ မေးနှင့်တူသော ပြည့်ဖြိုးစွာသော မေးတော်လည်း ရှိတော်မူ၏။ ဇာလိ

ကပ္ပာဒဟာတ္တောစ၊လေသွန်တံခါး၌တပ်စီထားအပ်သောရွှေပွတ်တိုင်ကဲ့သို့တင်တယ်စွာရှည်သော ခြေချောင်းလက်ချောင်းတော်လည်းရှိတော်မူ၏။ နာထော၊ မြတ်စွာဘုရားသည်။ ဥဏှီသသီသော၊နဖူးသင်းကျစ် ခြယ်သယ်သဖြင့် တင့်တယ်သောဦးခေါင်းတော်လည်းရှိတော်မူ၏။ဣတိဂုဏသဟိတံ ဤဆိုခဲ့ပြီးသောကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသော။ တံမဟေသိံ ၊ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

၂၆။ လောကေ၊ လူ၌။ ယသ္မာ၊ အကြင်ကြောင့်။ ဗုဒ္ဓေါ-ဗုဒ္ဓေါတိ ဃောသော၊ ဘုရား-ဘုရားဟူသော အသံကိုမျှလည်း။ အတိဒုလ္လဘတရော အလွန်ကြားရခဲ၏။ဗုဒ္ဓဘာဝေါ၊ဘုရားအဖြစ်သည်ကား။ ကာ ကထာ၊အလွန်ဆိုဘွယ်ရာ ရှိအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ ဝိဘာဝီ၊ပညာရှိကုန်သော။ ဝိဝိဓဟိတသုခံ၊အထူးထူးအပြားပြားသော စီးပွားချမ်းသာကို။ပတ္တယန္တာ၊ တောင့်တကုန်သော။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ဣဋ္ဌံ၊ အလိုရှိအပ်သော။အတ္တံ၊အကျိုးစီးပွားကို။ ဝဟန္တံ၊ ရွက်ဆောင်တော်မူတတ်ထသော။သုရနရမဟိတံ၊နတ်လူတို့သည် ပူဇော်အပ်တော်မူထသော။ဒက္ခိဏေယျံ၊မြတ်သောအလှူကိုခံတော်မူထိုက်ထသော၊လောကာနံ၊လူသုံးပါးတို့၏။နန္ဒိဝဍ္ဎုံ၊နှစ်လိုခြင်းကို ပွားစေတတ်ထသော။ ဒသဗလံ၊ ဆယ်ပါးသောအားနှင့် ပြည့်စုံတော်မူထသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။နိစ္စံ၊ အမြဲ။ နမဿန္တု၊ ရှိခိုးစေကုန်သတည်း။

၂၇။ ဧတေန ပုညေန ဤသို့ မြတ်စွာဘုရားအား ရှိခိုးရခြင်းတည်းဟူသော ကောင်းမှုစေတနာကြောင့်။သောအဟံ၊ ထို

ငါသည်။ သမ္မာရာယေ၊ ဝါမလွန်ဘဝ၌။ နိပုဏမတိစ၊ သိမ်မွေ့သော ပညာသည်ရှင်း။ သတောစ၊ သတိနှင့် ပြည့်စုံသည်ရှင်း။ တိတ္တောစ၊ ရောင့်ရဲသည်ရှင်း။ ဒက္ခောစ၊ လိမ္မာသည်ရှင်း။ ဒိဋ္ဌိဇ္ဇုပညောစ၊ ဖြောင့်မြတ်သော အယူပညာရှိသည်ရှင်း။ အဝိကလဝီရိယောစ၊ မချို့တဲ့သောလုံ့လရှိသည်ရှင်း။ ဘောဂဝါစ၊ စည်းစိမ်ဥစ္စာရှိသည်ရှင်း။ သံဝိဘာဂီစ၊ ခွဲခြားဝေဘန်တတ်သည်ရှင်း။ တိက္ခောစ၊ ထက်မြက်သည်ရှင်း။ သူရောစ၊ ရဲရင့်သည်ရှင်း။ မိတ္တေစ တည်ကြည်သောစိတ်ရှိသည်ရှင်း။ သပရဟိတစရောစ၊ မိမိ၏ အကျိုးစီးပွား သူတပါး၏အကျိုးစီးပွါးကိုကျင့်ဆောင်တတ်သည်ရှင်း။ ဒီဃဇီဝီစ၊ ရှည်သောအသက်ရှိသည်ရှင်း။ အရောဂေါစ၊ အနာမရှိသည်ရှင်း။ ခေညောစ၊ ဘုန်းရှိသည်ရှင်း။ ဝဏ္ဏောစ၊ အဆင်းလှသည်ရှင်း။ ယသဿီစ၊ များသောအခြံအရံရှိသည်ရှင်း။ အတိဗလခရောစ၊ အလွန်သောအားကို ဆောင်နိုင်သည်ရှင်း။ ကိတ္တိမာစ၊ ကျေးဇူးသတင်း ကျော်စောခြင်းရှိသည်ရှင်း။ ခန္တိပေတောစ၊ သည်းခံခြင်းနှင့် ပြည့်စုံသည်ရှင်း။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

၂၈။ သောအဟံ၊ ထိုငါသည်။ ဒိဋ္ဌေဝမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌။ သဒ္ဓေါစ၊ သဒ္ဓါတရားရှိသည်ရှင်း။ ဒါတဂ္ဂုပေတောစ၊ ပေးအပ်သော ဝတ္ထုပစ္စည်းနှင့်ပြည့်စုံသည်ရှင်း။ ပရမသိရိစ၊ မြတ်သောဘုန်းကျက်သရေရှိသည်ရှင်း။ ဒယောစ၊ သနားခြင်းရှိသည်ရှင်း။ ဝိရတ္တောစ၊ တပ်မက်ခြင်းကင်းသည်ရှင်း။ လဇ္ဇီစ မကောင်းမှုမှရှက်တတ်သည်ရှင်း။ ကလျာဏမိတ္တောစ၊ ကောင်းသောအဆွေခင်ပွန်းရှိသည်ရှင်း။ အဘိရတကုသလောစ၊ ကုသိုလ်

ကောင်းမှုတို့၌ အလွန်မွေ့လျော်တတ်သည်ရှင်း။ ပဋိသန္ဓာရကွေ့ာစ၊ ငါးပါးသီလကို အလွန်စောင့်ရှောက်နိုင်သည်ရှင်း။ အပ္ပိစ္ဆောစ၊ နည်းသော အလိုရှိသည်ရှင်း။ အပ္ပကောဓောစ၊ နည်းသော အမျက်ရှိသည်ရှင်း။ အတိစုဇုဟာဒယောစ၊ အလွန်ဖြောင့်မတ်သော နှလုံးရှိသည်ရှင်း။ ဣဒ္ဓိမာစ၊ တန်ခိုးနှင့် ပြည့်စုံသည်ရှင်း။ အပ္ပမေယျောစ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်ရှိသည်ရှင်း။ ပါသံသောစ၊ ချီးမွမ်းထိုက်သည်ရှင်း။ ပေမဝါစောစ၊ ချစ်ဖွယ်သော စကားကို ဆိုတတ်သည်ရှင်း။ သုဇနဂုဏဝိဒူစ၊ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို သိတတ်သည်ရှင်း။ မာမကောစ၊ သူတော်ကောင်းတို့ကို မြတ်နိုးတတ်သည်ရှင်း။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

၂၉။ ဣတ္တံ၊ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ အသာခ်ယေ၊ ဤမျှဤရွေ့ ရှိ၏ဟု မရေတွက်နိုင်ကုန်ထသော။ လက္ခဏဒီပိတေ၊ အစိတ်ဖြစ်သော ဥပလက္ခဏနည်းအားဖြင့် ပြအပ်ကုန်သော။ နာထဂုဏေ မြတ်စွာဘုရား၏ ကျေးဇူးတော်တို့ကို။ သုစကာသု၊ ပြတတ်ကုန်သော။ ဂါထာသု၊ ဂါထာတို့တွင်။ ဧကဂါထမ္ပိ၊ တဂါတာကိုမျှသော်လည်း။ ဗုဓော၊ပညာရှိသော။ ယောကုလပုတ္တော၊အကြင်အမျိုးကောင်းသားသည်။ သရတေ၊ အောက်မေ့ရာ၏။

၃၀။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသားသည်။ စတုရာပါယမုတ္တောစ၊ အပါယ်လေးပါးမှ လွတ်သည်ရှင်း။ အဋ္ဌဒယသာ၊ပစ္စုပ္ပန်,သံသရာအကျိုးစီးပွားနှစ်ပါးကို။ သာဓကောစ၊ ပြီးစေခြင်းငှာ တတ်စွမ်းနိုင်သည်ရှင်း။ ဟာတောပဒ္ဒဝဇာလောစ၊

ဖျော်ကြအပ်ပြီးသော ဘေးရန်တည်းဟူသော ကွန်ရက်ရှိသည် ၎င်း။ ဟိတသုခါဿ၊ စီးပွားချမ်းသာကို။ လာဘိစ၊ ရသည်၎င်း။

၃၁-၃၂။ နရဒေဝါနံ၊ လူနတ်တို့ကို။ အဓိပေါစ၊ အစိုးရသောနတ်မင်းအဖြစ်သည်၎င်း။ စတုဒီပိဿရော ပိဝါ၊ လေးကျွန်းပိုင်နှင်း စကြဝတေးမင်း၏အဖြစ်သည်၎င်း။ ဘဝေယျ၊ ဖြစ်ရာ၏။ အန္တိမေ ဒေဟေ၊ အဆုံးစွန်သော ကိုယ်၏အဖြစ်၌။ သုဗ္ဗတော၊ ကောင်းသောအကျင့်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဘဝနာယာနံ၊ ဘာဝနာယာဥ်ထက်သို့။ အာရုယှ၊ တက်စီး၍။ အဿံ၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော။ သေတ ဆတ္တကံ၊ မြတ်သော ထီးဖြူကို။ ဓာရံ-ဓာရေန္တော၊ ဆောင်းလျက်။ သမံ၊ မီးခပ်သိမ်းတို့၏ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့။ ဧဿတိ၊ ရောက်လတ္တံ့သတည်း။ ဣမဿို အတ္တဘာဝေပိ၊ ဤကိုယ်အဖြစ်၌လည်း။ အရောဂေါ၊ အနာမရှိသည်၎င်း။ ဒီဃဇီဝိကောစ၊ ရှည်သော အသက်ရှိသည်၎င်း။ ဘဝေယျ၊ ဖြစ်ရာ၏။

၃၃။ သဗ္ဗလောကေဟိ၊ ခပ်သိမ်းသော လူတို့သည်။ ပူဇိတောစ၊ ပူဇော်အပ်သည်၎င်း။ ဘာဝနာ ဘိရတိ မနောစ၊ ဘာဝနာ၌ အလွန်မွေ့လျော်သောနှလုံးရှိသည်၎င်း၊ ဇနပ္ပိယော စ၊ သူခပ်သိမ်းတို့ ချစ်နှစ်လိုအပ်သည်၎င်း။ မနာပေါစ၊ သူခပ်သိမ်းတို့ နှလုံးကို ပွားစေတတ်သည်၎င်း။ ဘဝေယျ၊ ဖြစ်ရာ၏။ အခိလဓာ ရဏော၊ အလုံးစုံသော ဂါထာကို ဆောင်ခြင်း၌။ ကာယထော၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

နမက္ကာရ အနက် ပြီး၏။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြု မှတ်ပုံတင် အမှတ် (၁၁၁၅၁၅)

ထုတ်ဝေသူ—ဦးခင်မောင် ( မြဲ ၀၁၁၇၉၁ )
သုမင်္ဂလ စာပေတိုက်
အမှတ် ၂၁၃၊ ၇၀—လမ်း၊ ၃၀—၃၁—လမ်းကြား
မန္တလေးမြို့။

ပုံနှိပ်သူ—ဦးခင်မောင် မြဲ (၀၁၆၀၉)
သုမင်္ဂလပုံနှိပ်တိုက်
မဟာန္ဒယ်စဉ်—ပုဏ္ဏားစုရပ်
မန္တလေးမြို့။

အုပ်ရေ ( ၂၀၀၀ ) ပဌမအကြိမ်၊
နှုန်း — ( ၆ )

294.312/3-7
A1MMGB016778

## မာတိကာ။

၁။ မင်္ဂလာသုတ်ပါဠိအနက်, သရုပ်ခွဲ၊ ခက်ဆစ်၊ အဓိပ္ပါယ်,

၂။ အပြင်အောင်ခြင်း ရှစ်ပါးပါဠိ—အနက်,

၃။ အတွင်း အောင်ခြင်းရှစ်ပါးပါဠိ—အနက်,

၄။ ရတနာ့ ရွှေချိုင့်ပါဠိအနက်,

၅။ နမက္ကာရပါဠိ—အနက်,